သရီ နမော ဗုဒ္ဓါယ

ရှင်ပင်ဘုန်းမြင့်–ရှင်ပင်ဘုန်းပွင့်
ရုပ်ရှင်တော် မြတ်နှစ်ဆူ၏ ဖြစ်စဉ်တော်စဉ်များ

# ကျောင်းဆေးရေး
## ဘုရားသမိုင်း

ရေးသူ-ဦးကြိုင် (သမိုင်းသုတေသီ)
ပြည်မြို့။

၁ | ၂၄

ဖြန့်ချိရေး

ကျောင်းဆေးရေးဘုရားကြီး
ပုဗ္ဗ ဝေယျာဝစ္စအသင်း
ပြည်မြို့

၂၉၁.၃၇
ဗ
၁၁၀၇၂

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ၂၀၀၂။

ပုံနှိပ်ထုတ်ဝေသူ

သောကြာ–စာပုံနှိပ်တိုက်
မှတ်ပုံတင် (၀၇၂၅) နှင့်
သောကြာ–စာအုပ်တိုက်
မှတ်ပုံတင် (၀၀၆၅)
အမှတ် ၄၉–သြဘာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။
ဦးဖမောင်ကလေး က ပုံနှိပ်ထုတ်ဝေသည်။
၁၉၆၇–ခု၊ နိုဝင်ဘာလ၊ ပဌမအကြိမ် အုပ်ရေ ၂၀၀၀။

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ရှင်ပင်ဘုန်းမြင့်–ရှင်ပင်ဘုန်းပွင့်
## ရုပ်ရှင်တော်မြတ်နှစ်ဆူ၏ ဖြစ်စဉ်တော်များ


၁။ ဥတ္တရလုလင်နှင့် မနောဟရ နဂါးမလေးတို့–
ပြဿနာမေးဖြေခြင်း .... ၉

၂။ ဘုရားရှင်ထံ ဧရာပတ္တနဂါးမင်း ရောက်ရှိခြင်း .... ၁၆

၃။ ဘုရားရှင်ထံ ဧရာပတ္တနဂါးမင်း–
ကိုးကွယ်ရာတောင်းခြင်း .... ၁၈

၄။ ဥတ္တရလုလင်၏ အကျိုးပေး .... ၂၀

၅။ ဘုရားရှင်သည် နဂါးဘီလူးတို့အား ကိုးကွယ်ရာ–
ပေးသနားတော်မူခြင်း .... ၂၁

၆။ ပထမအကြိမ် ရွှေဆံတော်ဘုရား တည်ထားခြင်း .... ၂၃

၇။ ရှင်ပင်ဘုန်းမြင့်–ရှင်ပင်ဘုန်းပွင့် .... ၂၆

၈။ အဋ္ဌဝိက–ဘလ္လိက ကုန်သည်ညီနောင်တို့၏–
လမ်းခရီးတွင် အတွေ့အကြုံများ .... ၂၈

၉။ ဗိဿနိုးနတ်ရုပ်နှင့် တန်ခိုးပြိုင်ခြင်း .... ၃၅

## ကျောင်းဆေးရေး—ဘုရားကြီးသမိုင်း


၁။ သရေခေတ္တရာ ခေတ်ဦးပိုင်း—
သရေခေတ္တရာပြည်ကြီး တည်ထောင်ခြင်း .... ၄၅

၂။ သရေခေတ္တရာ သို့ဟုတ်—
ရမေသ့မြို့ဟု ခေါ်တွင်ခြင်းအကြောင်း .... ၄၇

၃။ ဒွတ္တဘောင်မင်းကြီး၏ မိဖုရားနှင့်—
သားတော် သမီးတော်များ .... ၄၈

၄။ ထွန်းကောက်ခေဖြာ—
သရေခေတ္တရာ သာသနာ .... ၅၀

၅။ ဒွတ္တဘောင်မင်းကြီး အုပ်ချုပ်မှု—
စီမံခန့်ခွဲတော်မူခြင်း .... ၅၂

၆။ နဝဂါသီဟု ခေါ်တွင်ခြင်းအကြောင်း .... ၅၃

၇။ ပြည်မြို့ဟု ခေါ်တွင်ခြင်းအကြောင်း .. ၅၃

၈။ ရှင်ပင်ဘုန်းမြင့်—ရှင်ပင်ဘုန်းပွင့် ရုပ်ရှင်တော်နှစ်ဆူ—
သရေခေတ္တရာသို့ ရောက်ရှိတော်မူခြင်း .... ၅၄

၉။ ကျောင်းဆေးရေး ဘုရားကြီး၏ သမိုင်းအစ .... ၅၇

၁၀။ ပုဂံခေတ်ဦးပိုင်း—
သီဟသူမင်း ထပ်မံအသစ် ပြန်လည်တည်ထားခြင်း .... ၅၉

၁၁။ အင်းဝခေတ်ပိုင်းနှင့် ကျောင်းဆေးရေး ဘုရားကြီး .... ၆၂

၁၂။ ကျောင်းဆေးရေး ဘုရားတိုင်ရတု .... ၆၃

၁၃။ ကုန်းဘောင်ခေတ်ပိုင်း—
ဆင်ဖြူရှင် ထပ်မံအသစ်ပြန်လည်တည်ထားခြင်း .... ၆၄

၁၄။ ကျောင်းဆေးရေး ဘုရားဟူသော—
ဘွဲ့တော်အကြောင်း .... ၆၅

၁၅။ နိဂုံး .... ၆၈

# နိဒါန်း

ကျောင်းဆေးရေး ဘုရားကြီး၏ ယနေ့အခြေအနေမှ အင်းဝခေတ်၊ တောင်ငူခေတ်ဆီက အခြေအနေနှင့် ပုံသဏ္ဍာန်တို့ကို ပြန်လည် တန်းစာ မှန်းဆ ရည်ရော်ကြည့်ပါမူ....အဖြစ်နှင့် အပျက်, အတက်နှင့် အဆင်း, အတိုးနှင့် အဆုတ်, အဘယ်အရာမျှ ခိုင်မြဲသော သဘောမရှိသည့်၊ မတည်ငြိမ် ပြောင်းလဲလျက်ရှိသော လောကဓံတရားကြီးကိုသာ နှလုံးသွင်း၍ ဖြေသိမ့်ကြရဘို့ရှိလေသည်။

ထိုခေတ် ထိုအခါက ကျောင်းဆေးရေးဘုရားကြီး၏ အခြေအနေ ပုံသဏ္ဍာန်တော်မှာ ပြည်မြို့ကြီး၏ အလယ်တွင် လိုဏ်ဂူတော်၊မုခ်ဦး၊ ပြာသာဒ်ကြီး လေးဘက်ဖြင့် ကွမ်းတောင်ခံလျက် မိုဃ်းပါးထိမျှ ကြီးကျယ်လှ၍ ဖူးမြင်ရသူတို့ အထူးဘဝင် ကြည်နူးလောက်အောင်ရင်သပ်ရှုမော အံ့သြဘွယ်ရာ သာသနာတော်ကြီး၏ ကြက်သရေဆောင်၊ မြို့၏ ကြက်သရေဆောင် "ဘုရားကျောင်းတော်ကြီး" သို့မဟုတ် "ပုထိုးတော်ကြီး"တဆူဖြစ်ခဲ့လေသည်။

ထို့ပြင် မင်းအဆက်ဆက်နှင့် တကွ၊ ခေတ္တရာ မြို့သူ မြို့သား တိုင်းသူပြည်သား လူအများတို့သည် မိမိ တို့၏ လိုအင် ဆန္ဒ ပြည့်ဝစေကြောင်း ဆုတောင်း ဆုယူပြုရာ ထင်ရှားကျော်စောသော ဌာနကြီး တခုလည်း ဖြစ်ခဲ့လေသည်။

တောင်ငူခေတ် ကဝိ အမော် စာဆိုတော်ကြီး ဖြစ်သည့် ပြည်မြို့သားဇာတိ "စစ်ကိုင်းထောင်သင်း,စလင်းလကျော်,ပြည်မှာ နဝဒေး" ဟူသော သုံးမည့်ရ၊ သုံးဘွဲ့ခံ၊ ရတုဘုရင် နဝဒေးကြီး သည်လည်း သူ၏ ချစ်ထွတ်တင်၊ နဝင်းသူ ရှင်နှောင်းအား.... သမုဒယ ငြိတွယ်မှု အဟုန်ကြောင့် ဖြစ်လာရသည့် ချစ်ကြိုး ချစ် မြှင် အတင်းတင်း တို့ကို ဖြေလျှော့ နိုင် ဘို့ အရေး အတွက် ဤ ကျောင်းဆေးရေး ပုတိုးတော်ကြီး၏ အေးရိပ်ငြိမ်ကို ခိုလှုံခဲ့ရ လေသည်။ ရင်ဝယ် မဆံ့ တင်းကျပ်လှသော သူ၏ ခံစားချက် တို့နှင့် ပြည့်ဝစေလိုသော သူ၏ တောင့်တချက် တို့ ကို လည်း ဤ ကျောင်းဆေးရေး ဘုရားကြီးအား လျှောက်ထား တိုင်ကြား ဆုပန်ဆိုသည့် ဘုရားတိုင်ရတုများကို ရေးသားစပ်ဆိုခဲ့လေသည်။

စပ်ဆိုလေတိုင်းလည်း ကျောင်းဆေးရေး ဘုရားကြီး၏ သူ့ ခေတ်နှင့် သူ့ အခါက သူသိရသော ဖြစ်စဉ်တော်၊ သူဖူးမြင်ရ သော မြင်ကွင်းတော်တို့ကို ပန်းချီပညာကျော်တို့ပန်းချီချယ်မှုန်း၍ ထားသည့်အလား ပီပြင်စွာ စာပန်းချီချယ်မှုန်း၍ ထားလေ သည်။

နဝဒေးကြီး ချယ်မှုန်းခဲ့သော ကျောင်းဆေးရေးဘုရားကြီး၏ စာပန်းချီကားချပ်လွှာများကား ယနေ့တိုင် မှုံဝါး ပျက်ပြယ် ခြင်း မရှိ၊ ပကတိပြတ်သားကြည်လင် သစ်လွင်လျက်ပင် ရှိပါ သေးသည်။ "ထိုစာပန်းချီ" ကျောင်းဆေးရေး ဘုရားတိုင် ရတု တပုဒ်ကို သမိုင်းတနေရာတွင် ဖေါ်ပြထားပါသည်။

စာရေးသူ အဖို့ ဤ စာပန်းချီစုတို့ကို လေ့လာမိလေတိုင်း ယင်းဘုရားကြီး၏ အတိတ်နှင့် ပစ္စုပ္ပန်, ယခင်နှင့် ယခု, အခြေ

အနေကွာခြားမှုတို့ကို နှိုင်းယှဉ်၍ ရှုကြည့်မိလေသည်။ ရှုကြည့်မိလေတိုင်းပင် ဘုရားကြီး၏ တင့်တယ် ထယ်ဝါ ပိုမို ဖွံ့ဖြိုးရေးအတွက် တထောင့်တနေမှ မိမိတတ်စွမ်းသမျှ ကူညီသောအားဖြင့် ကျောင်းဆေးရေးဘုရားကြီးသမိုင်း ဖြစ်ပေါ်လာရန် ဆန္ဒရှိခဲ့ပါသည်။

ထိုဆန္ဒကို ထပ်လောင်းအား ဖြည့်ပေးသကဲ့သို့ ထို ဘု ရားကြီး၏ ဗုဒ္ဓဝေယျာဝစ္စ အသင်း အမှုဆောင်အဖွဲ့ဝင် လူ ကြီးများက ၁၃၂၉ ခုနှစ်- ရွှေဆံတော်ဘုရားကြီး၏ တန် ဆောင် တိုင် ပွဲတော်ကြီးနှင့် မြတ်စွယ်တော် ဓဒသစာရိ လှည့် ပွဲတော်ကြီးအမှီ သမိုင်းစာအုပ် ထွက်နိုင်ရန် နားပူနားဆာဖမတ္တာရပ်ခံကြပြန်ရာ ရေငတ်သည့်သူ ရေတွင်းထဲ ကျသကဲ့သို့ ဖြစ်သွားရလေသည်။

ထို့ကြောင့်ပင် တိုတောင်းသော ကာလအတွင်း ကိုယ်ရေးကိုယ်တာ ကိစ္စတို့ဖြင့် မအားမလပ်သည့် ကြား မှုပင် ကျော င်းဆေးရေး ဘုရားကြီးတွင် ကိန်းဝပ်တော်မူလျက် ရှိသော "ရှင်ပင်ဘုန်းမြင့်=ရှင်ပင်ဘုန်းပွင့်" ရုပ်ရှင်မတော် နှစ်ဆူ၏ ဖြစ် စဉ် တော်များ ပါဝင်သည့် ကျောင်းဆေးရေး ဘုရားသမိုင်းကို တတ်အားသမျှ အချိန်မီ ကြိုးပမ်း ပြုစုရခြင်းဖြစ်ပါသည်။

စင်စစ်အားဖြင့် ရှေးက ကျောင်းဆေးရေး ဘုရားသမိုင်းဟူ၍မရှိခဲ့သေးသည်ကို ရှိလာစေရန် လက်လှမ်းမှီသမျှ ရာဇဝင်သမိုင်းဟောင်း၊ မှတ်တမ်းဟောင်း၊ ကဗျာစာပေ ဟောင်း တို့မှ ထု တ် နှုတ် ဆက်စပ် စုပေါင်း၍ ဤသမိုင်းကို ဖြစ်မြောက်ရပါသည်။

# နိဒါန်း

နိဂုံးချုပ် အနေဖြင့် ရေးသားလိုသည်မှာ အတိတ် ရာဇဝင် သမိုင်းတို့ကို လေ့လာကြရာ၌ ကွဲလွဲချက်များ တွေ့ရှိ တတ်လေသည်။ ဤသမိုင်းတွင်လည်း မိမိတို့ အမှတ်အသား၊ အယူအဆ၊ အတွေးအခေါ် တို့နှင့် ကွဲလွဲချက်များ တွေ့ရှိကောင်း တွေ့ရှိပေလိမ့်မည်၊ အကယ်၍ တွေ့ရှိပါမူ ပိုသည်ထင်က နှုတ်ပယ်၍ရင်း လိုသည်ထင်က ဖြည့်စွက်၍ရင်း ယောနိသော မနသိကာရ နှလုံးလှဖြင့် ဝမ်းပန်းတသာ ကြည့်ရှု လေ့လာ နိုင် ကြ ပါ စေ သတည်း။

ဦးကြိုင် (သမိုင်းသုတေသီ)
ပြည်မြို့
၁၃၂၉–ခု၊ တော်သလင်းလဆန်း ၁၄–ရက်၊

## ဥဇ္ဇာရလုင် နှင့် မနောဟရ နဂါးမလေးတို့—ပြဿနာ မေးဖြေခြင်း

သုံးလူ့ထွတ်ထား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ပဉ္စဝဂ္ဂီ အမှူးရှိသော ခြောက်ကျိပ်သော ရဟန္တာ အရှင်မြတ်တို့နှင့် ဗာရာဏသီပြည်တွင် ပထမ ဝါ ကပ် တော် မူ သော အခါဝယ်၊ အခါတပါး၌ ကျွတ်သင့် ကျွတ်ထိုက်သော သတ္တဝါများအား ရွှေဉာဏ်တော် ကွန်ရက်ကို ဖြန့် ကြက်၍ ကြည့်ရှုတော်မူလေလျှင်၊ ဧရာပတ္တ နဂါးမင်းနှင့်တကွ များ စွာ သော ပရိသတ်တို့သည် အကျွတ်တရား ရလတံ့ သည်ကို မြင် တော်မူလတ်သော်၊ ခြောက်ကျိပ်သော ရဟန္တာတို့နှင့်တကွ မိဂဒါဝုန်ကျောင်းတော်မှ ကြွတော်မူ၍ ဗာရာဏသီ ပြည် အနီး "သတ္တသေရိက" အမည်ရှိသော အရပ်သို့ ချဉ်းကပ်တော်မူလေ၏။

ထိုအခါ ဗာရာဏသီပြည် နာဂ နစ္စက သုပတိတ္ထ အမည်ရှိသော အလွန်သာယာသော ဆိပ်ကမ်း၌၊ ဧရာပတ္တ နဂါးမင်းသည်ကြီးစွာသော ပါးပျဉ်း ကို ဖန်ဆင်း ပြီးလျှင်၊ မိမိ၏ သမီး မနောဟရ အမည်ရှိသော နဂါးမငယ်ကို ပါးပျဉ်းတွင်နေစေ၍၊ လူသားဟူသမျှ မြင်ရသူ ငေးရ လောက်အောင် လှပ စေလျက်၊

ရှုမငြီးဘွယ် ကကျိုး ကကွက်တို့ကို ကခြင်း၊ ကြား ရသူ မ ရောင့် ရဲနိုင်လောက်အောင် တေးသီချင်းတို့ကို သီ ဆို ခြင်း ပြု လျ က် မေးခွန်းပုစ္ဆာ ပြဿနာကို မေးစေ၏။ ထိုပြဿနာကို ဖြေဆိုနိုင် ါက သိမ်းနှင့်တကွ များစွာ သော ရတနာတို့ကို ပူဇော် အံ့ ဟု ဆို၏။

ဗာရာဏသီ ပြည်သူပြည်သားအပေါင်းတို့သည် နဂါးမင်း၏ အဆန်းတကြယ် တန်ခိုးအာနုဘော်ကိုငင်း၊ နဂါး မ ငယ် ၏ အလှကိုငင်း၊ သာယာ ငြိမ့်ညောင်းသော သီချင်း သံ ကို ငင်း၊ ကြည့်ရှုနာပျော်လိုကြ၍ ဆယ့် ငါးရက်တကြိမ်၊ ကြီးစွာ သော ပရိသတ်ကြီးသည် စည်ကား ပြည့်နက်လျက်ရှိလေ၏။

ထိုအခါ ဗာရာဏသီ ပြည်သား ဥတ္တရ လုင်သည် မြ တ် စွာ ဘုရားအား အဦးထား၍ ဦးစားပေးပြီးမှ သာ တစုံတရာ သွား လာလုပ်ဆောင်တတ်သည့် မိမိ၏ အလေ့အထ အတိုင်း မြတ်စွာ ဘုရားထံ ချဉ်းကပ် ပူဇော်ပြီး၊ နဂါးမင်း၏ ပရိ သတ် အ စ ည်း အဝေးသို့ သွားအံ့ဟုကြံ၍ မြတ်စွာ ဘုရား ထံပ ါး သို့ ချဉ်း ကပ် လေသတည်း။

ယင်းသို့ ချဉ်း ကပ် သော အခါ ဘုရားမြတ်စွာသည် "ဥတ္တရ လုင် သင်ဘယ်သို့ သွားအံ့နည်း၊"ဟု မေးတော်မူ၏။ ဥတ္တရ လုင် က "မြတ်စွာဘုရား တပည့် တော်သည် နဂါးမင်း၏ တန်ခိုး ကို မြင်လို၍ငင်း၊ မမြင်စဘူး အသွင်ထူးသည့် နဂါး မငယ်၏ တင့် တယ်ခြင်း၊ ကခြင်း၊ သီချင်းတို့ကိုငင်း၊ မေးအပ်သော ပြဿနာနှင့် ဖြေကြားခြင်းတို့ကိုငင်း၊ ကြည့်ရှု နာ ကြား လိုသော ကြောင့် နာဂပစ္စက သုပတိတ္ထ ဆိပ်သို့ သွားပါအံ့"၊ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်သည် "အချင်း ဥတ္တရလုလင် သင် သည် နဂါးမင်ယ်၏ မေးသော ပြဿနာကို ဖြေဆိုနိုင်ပါမည်လော"ဟု မိန့်တော်မူ၏။ "မဖြေနိုင်ပါ ဘုရား၊"ဟု လျှောက် ထား လေ သော် "သင့်အားပြဿနာကို ဖြေကြားနိုင်ရန် ငါ ဘု ရား သ င် ကြားပေးအံ့၊"ဟု မိန့်တော်မူပြီးလျှင်၊ အ ဖြေ ပြဿ နာကို သ င် ကြားတော်မူလေ၏။ သင်ကြားပြီးသည်၏ အဆုံး၌ ဥတ္တရ လုင် သည် သောတာပတ္တိ ဖိုလ်သို့ လျင်မြန်စွာ ရောက်လေ သတည်း။

ထိုရောကာလ လွန်စွာ ဝမ်း မြောက် လှ ၍ ဘုရားရှင်အား လက်ျာခရစ်သုံးပတ် လှည့်ကာ ရှိခိုးပြီး လျှင်၊ နဂါး မင်း ၏ ပ ရိ သတ် အစည်းအဝေးသို့ သွားလေ၏။ ရောက်သောကာလ ဥတ္တရ လုင်သည်၊ "နဂါးမင်ယ်၏ မေးမြန်းသော ပြဿနာကို အကျွန်ုပ် ဖြေအံ့၊"ဟုပရိသတ်တို့အား ပြောကြားလေ၏။ များစွာသော ပရိသတ်ကြီးသည် နဂါးမင်ယ်မေးသော ပြဿနာကို ဥတ္တရလုင် ဖြေဆိုလိမ့်မည်ဖြစ်ကြောင်း သောင်း သောင်း ဖြဖြ၊ ဟစ် အော် ကြွေးကြော်သံတို့သည် ဗာရာဏသီတပြည်လုံးတွင်ပဲ့တင်ရိုက်ခတ် လျက်။ 'ဥတ္တရလုင်နှင့် နဂါးမလေး' ဟူသော အသံတို့သည် လူတကာ ပါးစပ်ဖျားတွင် ရေပန်း စား၍ နေ လေ ၏။ ဥတ္တရ လုင်သည် နဂါးမင်ယ်အနီးသို့ ရဲဝံ့ စွာ ချဉ်း က ပ် လို က် လေ သတည်း။

နဂါးမင်ယ်သည် သူ၏တောက်ပကြည်လင်သော မျ က် စိ အစုံဖြင့် ဥတ္တရလုင်အား စူးစိုက်စွာ ကြည့်ရှု၍ "အမေးပြဿနာ ကို စတင်တော့မည်" ဟု စကားဆိုလင့်၏။ ဥတ္တရလုင်သည် တည် ငြိမ်ရဲရင့်သော ကြည့်ခြင်းဖြင့် ပြန်လည် ကြည့် ရှုကာ၊ "မေးပါ

လေ နဂါးမလေး၊”ဟု ဆို၏။ နဂါးမငယ်သည် ဥတ္တရလုလင်အား ခြေဆုံး ခေါင်းဆုံး ကြည့်ပြန်လျက် …

သူ၏ ကျော့ရှင်းသော လည်တိုင်ဖြင့် တင့်တယ်အပ်သော ဦးခေါင်းကို ဖြေးဆေးစွာ တငြိမ့်ငြိမ့်ပြု၍ “အချင်း ဥတ္တရလုလင် မဖြေဆိုနိုင်ပါက ဗိုလ်ပုံအလယ်တွင် အရှက်ကွဲလိမ့်မည်ကို ကော မစိုးရိမ်လေသလော၊”ဟု ဆိုပြန်၏။ထိုအခါ ဥတ္တရလုလင်က“နဂါး မငယ်၊ဂါကား အနည်းငယ်မျှ မစိုးရိမ်။သင်မေး မည့် ပြဿနာကို သာ မေးပါလေ၊”ဟု ဆို၏။ ကြီးမားသော ပရိသတ်ကြီး သည် ကား ၎င်းတို့ နှစ်ဦးအား ငေးမော ကြည့် ရှုကာ မည် သို့ မေး ၍ မည်ပုံဖြေမည်ကို သိလိုဇောဖြင့် အာရုံပြင်းပြ မြှော်လင့် တောင့် တကြလျက် မီးကိုရေနှင့် ဖျန်းသကဲ့သို့ ငြိမ်သက်စွာ နားစွင့်၍ နေ ကြလေ၏။

ထိုအခိုက် မနောဟရ နဂါး မငယ်၏ နှုတ်ဖျားမှ သာ ယာ ကြည်အေး ချိုမြသော အသံကလေးဖြင့် ပထမ အမေးပြဿနာ ထွက်ပေါ်လာသည်ဟူ၏။

“ကိံ သု ရာဇာ ရဇိဿရော၊
ကထံ သုဝိ ရဇ္ဇော ဟောတိ၊
ကထံဗာဒေလာတိ ဝုစ္စတိ”

ဘောဒန္တာ ပရိသာ၊ ပြဿနာစကား နာကြားလိုကြောင်း အို…ပရိသတ် အပေါင်းတို့၊ကိံ သု၊အဘယ်ကဲ့သို့သော သူသည်။ ရဇိဿရော၊ သာယာနှစ်သက်၊ တပ် မက် ခြင်းကို အစိုး ရပါ သနည်း၊ ကထံ၊ အဘယ်ကဲ့ သို့သော သူ သည်၊ သုဝိ ရဇ္ဇော

ကောင်းစွာ တပ် မက်ခြင်းကင်းသည်။ ဟောတိ၊ဖြစ်ပါသနည်း၊ ဣ ကထံ၊ အဘယ်ကဲ့သို့သော အဘောရှိ သောသူကို၊ ဗာလောတိ၊ လူမိုက်ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်ပါသနည်း။

ဤသို့ နဂါးမယ်က မေးလတ်သော် ပရိသတ် ကြီး သည် ဖြေကြားမည့် ဥတ္တရလုလင်အား အာရုံစိုက်၍ နေကြလေ၏။

ဥတ္တရလုလင်၏ မှဲ့ရင့်လေးနက် တည်ငြိမ်သော အသံဖြင့် ထွက်ပေါ်လာသော အဖြေကား။

"ဆဒွါရာဓိပတိ ရာဇာ။
ရဇ္ဇမာနော ရဇိဿရော။
အရဇ္ဇံ ဝိရဇ္ဇော ဟောတိ။
ရဇ္ဇဗာလောတိ ဝုစ္စတိ။"

နာဂမာဏဝိကာ၊ ရေပတ္တာ အမည်ရသော၊ နဂါးမင်းရင်သွေး နဂါးမလေး၊ သုဏောဟိ၊ သတိရှေ့ဆောင်၊ သင် နား ထောင်လော့၊ ဣဓ၊ဤလူလောက၌၊ဆဒွါရာဓိပတိ၊ စက္ခုစသော ဒွါရတို့၏ ခြောက်ပါးသော အာရုံကို မဖြစ်ရလေအောင်၊ ထိန်းသိမ်းစောင့်ရှောက် နိုင်ခြင်းသည်၊ ရာဇာ၊ အစိုး ရသော မင်းမည်ပေ၏။ ရဇ္ဇမာနော၊ အာရုံခြောက်ပါး၌၊ ပြင်းစွာတပ် မက်သောသူသည်၊ ရဇိဿရော၊ တပ်မက် ခြင်းကို အစိုး ရသော သူမည်၏။ အရဇ္ဇံ၊ အာရုံခြောက်ပါး၌ မတပ် မက်သော သူသည်၊ ဝိရဇ္ဇော၊ တပ်မက်ခြင်းကင်းသောသူ မည်သည်၊ ဟောတိ၊ ဖြစ်၏။ ရဇ္ဇံ၊ ရူပါရုံ စသည်တို့၌၊ တပ်မက်သော သူကို ဗာလောတိ၊ သူမိုက်ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဥတ္တရလုင် ဖြေကြားသည်ကို နဂါးမ ငယ် ကြားလေသော် ဝမ်းမြောက်ခြင်း ဖြစ်လတ်၍ နောက်ထပ်တဖန် မေးမြန်းပြန်၏။

"ကေန ဝုယှတိ ဗာလော၊
ကထံ နုဒတိ ပဏ္ဍိတော။
ယောဂက္ခေမံ ကထံဟောတိ
တံမေအက္ခာဟိ ပုစ္ဆိတော။"

ဘောမာဏဝ၊အိုလုင်၊ဗာလော၊ လူမိုက်ကို၊ ကေန၊ အဘယ်တရားသည်၊ ဝုယှတိ၊သံသရာ၌ နစ်မွန်းမျောပါး စေပါသနည်း။ ပဏ္ဍိတော၊ပညာရှိသည်၊ ကထံ၊အဘယ်သို့လျှင်၊ နုဒတိ၊ ဩဃလေးဖြာ အဏ္ဏဝါကို လျင်မြန်စွာ ပယ် ဖျောက် နိုင် သနည်း။ ကထံ၊ အဘယ်သို့လျှင် ယောဂက္ခေမံ၊ ယောဂ၏ကုန်ခြင်းသည် ဟောတိ ဖြစ်ပါသနည်း။ပုစ္ဆိတော၊မေးအပ်သော မေ၊ ငါ့အားတွ၊ သင်သည်၊ တံ၊ ထိုအကြောင်းကို၊ အက္ခာဟိ၊ ဖြေဆိုပါလော့။

ဤသို့နဂါးမငယ် မေးအပ် သော ပြဿနာကို ဥတ္တရ လုင်သည် တမဟုတ်ချင်း ဖြေဆိုပြန်၏။

"ဩဃေန ဝုယှတိ ဗာလော၊
ယောဂါနုဒတိ ပဏ္ဍိတော၊
သဗ္ဗသံယောဂ ဝိသံယောဂေါ၊
ယောဂက္ခေမိတိ ဝုစ္စတိ။"

နာဂမာဏဝိကာ၊ မနောဟရ၊ အလှဘုန်းကြွယ်၊ နဂါးမငယ်၊ ဗာလော သူမိုက်ကို၊ ဩဃေန၊ ဩဃလေးဖြာ၊အဏ္ဏဝါ သည်၊

ဝုယှတိ၊ သံသရာဝဋ်တွင်း၊ မလွတ်ကင်းမအောင်၊ နှစ်မွန်းမျှော ပါးစေ၏။ ပဏ္ဍိတော၊ ပညာရှိသည်၊ ယောဂ ါ၊ သီလ-သမာဓိ ပညာအစဖြာသော၊ လုံ့လနှင့်ယှဉ်သည်၊ ဟုတွာ၊ ဖြစ်၍၊ နုဒတိ၊ ညြှသ်လေးဖြာ၊ အဏ္ဏဝါကို၊ လျင်မြန်စွာ ပယ်ဖျောက် နိုင် ၏။ သဗ္ဗသံယောဂဝိသံယောဂေ ါ၊ ယောဂလေးပါးနှင့် မယှဉ်သော သူကို၊ ယောဂက္ခေဝိတိ၊ ယောဂလေးပါးကို ကုန်စေတတ်သော သူဟူ၍၊ ဗ္ရိုစ္စတိ၊ ဆိုအပ်ပါပေ၏။

ဤသို့ဥတ္တရလုင်သည် နဂါးမငယ်၏ အမေး ပြဿနာကို ဖြေကြားပြီး ဆုံးသည်၏နောက်၊ တဆက်တည်းပင် လောကသုံး ခွင် ဘုံအပြင်၌ မြတ်စွာဘုရား ပွင့်ထွန်း ပေါ်ပေါက်လာခြင်း၊ တရားတော်များ ပေါ်ပေါက်လာခြင်း၊ သံဃာတော်များပေါ် ပေါက်လာခြင်းတို့၏၊ အကျိုးများပုံကို ထင်ရှားစွာ သိစေလို၍

"ဗုဒ္ဓေါလောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ၊
ဓမ္မောလောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ၊
သံဃောလောကေ သမုပ္ပန္နော၊
ပုညခေတ္တေ အနုတ္တရေ"

နာဂရာဇာ၊ နဂါးမင်း၊ လောကေ၊လောက၌၊ သဗ္ဗ ပါဏိနံ၊ အလုံးစုံသော သတ္တဝါတို့၏၊ ဟိတာယ၊ အစီးအပွါးအလို့ငှာ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်၊ သမုပ္ပန္နော၊ ကောင်း စွာ ဖြစ်တော် မူလာပါပေ၏။ လောကေ၊ လောက၌၊ဓမ္မော၊ တရား တော်မြတ်

သည်၊သဗ္ဗပါဏီနံ၊ ခပ်သိမ်း ဉဿု၊ အလုံးစုံသော သတ္တဝါတို့၏ သုခါယ၊ ချမ်းသာခြင်းအကျိုးငှာ၊ သမုပ္ပန္နော၊ ကောင်းစွာဖြစ် တော်မူလာပါပေ၏။ လောကေ၊လောကဥ၊သဗ္ဗပါဏီနံ၊များစွာ သော သတ္တဝါတို့၏၊ အနုတ္တရေ၊ အတုမရှိသော၊ ပုညခေတ္တေ၊ ကောင်းမှုတည်း ဟူသော၊ မျိုးစေ့၏ စိုက်ပျိုးရာ၊ လယ် ယာ မြေကောင်းနှင့် တူသော၊ သံဃော သုပ္ပဋိပန္နော၊ ဂုဏ်ပေါင်းခသည့် သံဃာတော် အရှင်မြတ်တို့သည်၊ သမုပ္ပန္နော၊ အံ့ချီး ဘွယ် ရာ၊ ကောင်းစွာ ဖြစ်တော်မူလာပါပေ၏။

ဤကဲ့သို့ ကျူးရင့်လိုက်လေ၏။

## ဘုရားရှင်ထံ ရောပတ္တနဂါးမင်းရောက်ရှိခြင်း

ဥတ္တရလုင်၏ အဖြေတရား စကားများနှင့် ကျူး ရင့်ခြင်း တို့ကို နဂါးမင်း ကြားလတ်လေသော်၊ အံ့ဘွယ်ရှိလေစွတကား၊ ငါသည် ဘုရားတဆူနှင့် တဆူအကြား၊ ရှည်လျား စွာသော ကာလပတ်လုံး၊ ဤကဲ့သို့သော မွန်မြတ်သော စကားထူးတို့ကို မကြားရဘူးလေတကား။ ယခုမှသာလျှင် ကြားဘူးရလေသည်။ ငါကဲ့သို့သော မိုက်မြေး မကုန် သေးသော၊ သတ္တဝါ အနန္တတို့ အတွက် ဘုံသုံးပါးတွင် ဘုရားပွင့်တော် မူလေပြီတကား ဟု ပီတိအဟုန်လျှမ်း ဝမ်းပန်းတသာ ဖြစ်လွန်းလှ၍၊ မိမိ၏အမြီးကို ရေတွင်ပြင်းစွာပုတ်ခတ်လေသော် ကြီးစွာသောလှိုင်းတံပိုးတို့ဖြစ်

လတ်၍ ရေအဟုန်ဖြင့် ကမ်းနှစ်ဘက်တို့သည် ပြို ပျက် ကုန် ၏။ ထိုအခါရေ၌ နစ်မွန်းမျောပါးကုန်သော များစွာ သောလူ အပေါင်းတို့ကို မိမိတန်ခိုးဖြင့် တယောက်သော သူမျှ မပျက်စီး ရအောင် ကယ်တင်၍ ကုန်းသို့နေစေ၏။

ထိုနောက်နဂါးမင်းသည်လူမင်း၏အသွင်ကိုဖန်ဆင်း၍ဥတ္တရ လုလင်ထံသို့ချဉ်းကပ်ပြီးလျှင် “အချင်းလုလင်၊ သင်သည် သိုးကော်၏ အမေးကို ဖြေစွမ်းနိုင်ရုံသာမက၊ ငါ့တသက် တာတွင် တခါ ဘူးမျှ မဖြစ်ပေါ်ခဲ့ဘူးသေးသော ဘုရားရှင်အား ဖူးမျှော် ပူ ဇော်လိုသော ဆန္ဒထူး စေတနာထူးတို့ကိုပင် ပေါ်ပေါက် စေ ခဲ့ ပါပြီ။ မြတ်သောလုလင် ဘုရားရှင် အဘယ်အရပ်၌ နေတော်မူပါ သနည်း၊” ဟုမေးမြန်းရာ ဥတ္တရလုလင်က “သတ္တသေရိက ကုက္ကု (၇)ပင်ရှိရာအရပ်၌ နေတော်မူကြောင်း ပြောကြားလေသော် ယင်းသို့မှန်က ငါ့အား ဘုရားရှင်ထံသို့ အမြန်ပို့ပေးပါလောဟု တောင်းပန်လေ၏။ ဥတ္တရလုလင်သည် နဂါးမင်းနှင့်တကွ ပရိသတ် ကြီးကို ဦးဆောင်၍ ဘုရားရှင် ထံတော်မှောက်သို့ အုံးအုံးကြွက် ကြွက် သဒ္ဒါရွှင်လန်း ပီတိပန်းတို့ကို ဆင်မြန်းကာ သွားရောက် ကြလေသတည်း။

ဘုရားရှင်ထံသို့ ရောက်ကြသောအခါ ဧရာပတ္တ နဂါးမင်း သည် မြတ်စွာဘုရား၏ ရောင်ခြည်တော် အကျင်းသို့ သက်ဝင် ပြီးလျှင်၊ ကြည်ညိုလွန်းသောစိတ်၊ အကြိမ်ကြိမ် ဖြစ်ပွား၍ အတု မရှိသော မြတ်စွာဘုရားအား ယခုမှဖူးတွေ့ရပါ တကား ဟု ပြင်းထန်စွာ ဟစ်အော်၍ ငိုကြွေးလေ၏။ ထိုသို့ ငိုကြွေးခြင်းကို ဘုရားရှင် မြင်တော်မူလတ်သော် “နဂါးမင်း အဘယ်ကြောင့် ငိုကြွေးခြင်းကို ပြုရသနည်း၊” ဟု မေးတော်မူ၏။

"သုံးလူ့ထွဋ်ထား မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ရှည်ကြာစွာသော ကာလပတ်လုံး၊ ဒုဂ္ဂတိအဟိတ် တိရစ္ဆာန်မျိုး၌ သာ ဖြစ်၍နေရပါသည်။ လူ့အဖြစ်ကိုလည်းမရ တရားတော်ကို လည်း မနာကြားရပါဘုရား။ အရှင်ဘုရားကဲ့သို့သော ဘုရား ရှင် ကိုလည်း မဖူးမျှော်ခဲ့ရပါဘုရား" ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက "နဂါးမင်း လူ့အဖြစ် ကိုလည်း အလွန်ရခဲသည်၊ တရားတော်ကိုလည်း အလွန်နာကြားရခဲသည်၊ ငါဘုရားကဲ့သို့သော ဘုရားရှင်ကို လည်း အလွန် ဖူးမြင် ရခဲ သည်"ဟု မိန့်ကြားတော်မူပြီးနောက် ဒုလ္လဘတရား ငါးပါးကို ဟောတော်မူ၏။ ဤသို့ဟောကြားတော်မူပြီးသည်၏ အဆုံး၌ အန္တရာယ်ငါးပါး စွန်းငြိသောသူတို့မှတပါး ရှစ်သောင်းလေး ထောင်သော ပရိသတ်တို့သည် ဓမ္မာဘိသမယကို လျင်မြန်စွာ ရကြလေကုန်၏။

## ဘုရားရှင်ထံ
## ဧရာပတ္တနဂါးမင်း ကိုးကွယ်ရာတောင်းခြင်း

ထိုအခါ လူမင်းအသွင်ဖြင့် ဘုရားရှင်ထံပါးတွင် ကြည်ညို သဒ္ဓါပွားလျက်ရှိသော ဧရာပတ္တ နဂါးမင်းသည် ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုး၍ "ကျေးဇူးတော် အနန္တ တို့ဖြင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်အား သနား သဖြင့်၊ ကိုးကွယ်ရာ ပေးတော်မူပါ ဘုရား" ဟု လျှောက် ထား

တောင်းပန်လေ၏။ ဘုရားရှင်က "နဂါးမင်း၊ ဆိုင်းငံ့ဦးလော့ အသင့်အား ကိုးကွယ်ရာ ပေးခြင်းငှာ ယခုအခါ အချိန်ကာလ မဟုတ်တုံသေး၊" ဟု မိန့်ကြားတော်မူ၏။

ဤသို့ မိန့်ကြားတော်မူခြင်း၏အကြောင်းကား၊ ထိုနဂါးမင်း အား ကိုးကွယ်ရာ ပေးလတ်သော်၊ နဂါးပြည်၌ တည်ထားကိုး ကွယ်လေက သာသနာ ငါးထောင် တည်အံ့သော အကြောင်း ကို မြင်တော်မမူ၊ နှောင်သောအခါ ဘုရားရှင်သည် သီဟပဗ္ဗတ၊ ဖိုဦးတောင်သို့ ရောက်သော ကာလ၀ယ်၊ ယင်း ရောပတ္တ နဂါး မင်းနှင့်တကွ အဇ္ဇိက-ဘလ္လိက၊ ကုန်သည်ညီနောင်နှစ်ယောက် အပါ အ၀င် သူမြတ်ခုနှစ်ပေါ်တို့၊ တိုင်ပင်၍ တည်ထား ကိုး ကွယ်မှသာလျှင် သာသနာ ငါးထောင်ပတ်လုံး တည်လတ္တံ့ ဟု မြင်တော်မူသောကြောင့် ဖြစ်၏။

ထိုခုနှစ်ယောက်တို့ကို ရည်၍ သိကြားမင်းသည်လည်း ငါ၏ ကိုယ်စား ဘုရားခုနှစ်ဆူ သွန်းလုပ်၍ ထိုသူတို့အား ပေးလတ္တံ့. အဆင့်ဆင့် ကိုးကွယ်ကြလတ်သော် "ရှင်ပင်ဘုန်းမြင့်၊ ရှင်ပင် ဘုန်းပွင့်" နှစ်ဆူသော ဘုရားရှင်တို့သည် နဝ ဝါသီ ပြည် မြို့ (ယခုပြည်မြို့)၌ သာသနာငါးထောင် ပတ်လုံး တည်လတ္တံ့ ဟု မြင်တော်မူ၏။ ထို့ကြောင့် နဂါးမင်း၏ တောင်း ပန် ခြင်း ကို ပယ်ရှားတော်မူ၍ ဘုရားရှင်သည် ခြောက်ကျိပ် သော ရဟန္တာ တို့ဖြင့် ခြံရံလျက် မိဂဒါ၀ုန်ကျောင်းသို့ ကြွမြန်း တော် မူလေ သည်။

# ဥတ္တရလုင်၏ အကျိုးပေး

ဥတ္တရလုင်သည် ကိစ္စတစုံတရာ အတွက် ဆောင် ရွက်ရာ၌ ရင်း၊ သွားလေရာ၌ရင်း အစဉ်သဖြင့် ဘုရားရှင်အား အဦးထား၍ ဦးစားပေးလေ့ရှိသော ပုဂ္ဂိုလ်တဦးဖြစ်သည့် အတိုင်း ရေပတ္တ နဂါးမင်းနှင့် နဂါးမလေးတို့၏ အံ့ဘွယ်သရဲ ထူးဆန်း သော ပွဲကြီးသို့မသွားမီ၊ ဘုရားရှင်အား။ ရှေးဦးစွာ ရှိခိုးပူဇော်၊ ဖူးမျှော် ကန်တော့ခဲ့ရသော။ 'ဗုဒ္ဓဿပူဇာ မဟာတေဇဝန္တော' ဟူသော လက်ငင်းမျက်မှောက်၊ အကျိုးပေး တရားကိုကား၊ ဤသို့ပေ တည်း။ (သက်ဆိုးတိုင် အားကျနည်းယူ ကျင့်သုံး ဘွယ် ကောင်း လေစွတကား၊)

ရေပတ္တ နဂါးမင်းသည် ဘုရားရှင်၏ အမိန့် တော်ကို ရို သေစွာ နာခံပြီးနောက်ဝယ် ဥတ္တရလုင်အား နဂါးပြည် သို့ ဆောင်ယူ၍ မိမိ၏သမီး မနောဟရ နဂါးမ ငယ် နှင့် တ ကွ အလှန်လှပတင့်တယ်သော ခုနှစ်ရာသော နဂါးမ တို့ကို ဥတ္တရ လုင်အား ပူဇော်လေ၏။ နတ်ပိမာန်ကဲ့သို့၊ ဖန်ဆင်း ပြီးလျှင် ယူဇနာ ငါးရာရှိသော နဂါးပြည်ကို ထက်ဝက်ခွဲ၍ မင်းပြုရန် လည်း တရားပူဇော်လေ၏။

ဥတ္တရလုင်သည် နဂါးမင်းပူဇော်သော စည်းစိမ်တို့ကို ခံစား သုံးဆောင်၍ သုံးဆယ့်ရှစ်နှစ် ကာလပတ်လုံး နဂါး ပြည် ၌ မင်းပြု၍နေလေ၏။ မိဘတို့အားလည်း များစွာသော ရတနာ တို့ကို ပို့သစေ၏။ မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့အား လည်း လှူဒါန်းပူဇော်ခြင်းကို ပြုစေ၏။

ဓဘာစန္ဒီမည်သော သိမ်းတော်တပါးကို ဖွါးလတ်သော် ထိတ်လန့်သံဝေဂဖြစ်လေ၍ လူ့ပြည်သို့ပြန်လာပြီးလျှင် ရှင်ရေဝတ ထံ၌ ရဟန်းပြုပြီးနောက် သမုဒ္ဒရာအလယ်၊ နာဂီန္ဒဂီရိမည်သော ကျောက်တောင် ထွတ်ဖျား၌ တပါးတည်း နေတော်မူလျက် ဝိပဿနာတရားကို အားယုတ်တော်မူ၏။ ဣန္ဒာ သာလ ရုက္ခစိုး နတ်မင်းနှင့် သုမနဘုမ္မစိုး နတ်မင်းတို့သည် ပစ္စည်းလေးပါးဖြင့် မပြတ်မလတ် ဆက်ကပ်လုပ်ကျွေးကြလေ၏။

သိမ်းတော် ဓဘာစန္ဒီကား နောင်သောအခါ ဒုတ္တဂါမဏိမင်းကြီး၏ မိဖုရားဖြစ်လာ၏။

ဤသည်တို့ကား ရှင်ပင် ဘုန်းမြင့် မှုင်ပင် ဘုန်းပွင့် ရုပ် ရှင်တော်နှစ်ဆူနှင့် စပ်လျဉ်း၍ ဖြစ်တော်စဉ် အစပျိုးခဲ့ခြင်းတို့ကို ဖေါ်ပြခြင်း ဖြစ်ပါသတည်း။

## ဘုရားရှင်သည်
## နဂါးဘီလူးတို့အား
## ကိုးကွယ်ရာပေးသနားတော်မူခြင်း

လောကသုံးပါး၏ ဆိမ်းတန်ဆောင် သဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ ပထမဝါဆိုတော်မူ၍ ဝါကျွတ်တော်မူသော ကာလ ပါရာဇိက တောအုပ်သို့ ကြွမြန်းတော်မူ၏။ ယင်းတောအုပ်တွင် ...
ငါ၏သာသနာတော်သည် အဘယ်ရှစ်၌အဘယ်မျှ ...

၁၁၀၅၂

သာသနာ ... ဌာန
ကမ္ဘာအေး၊ ရန်ကုန်

နည်းဟု၊ အနဲ့ာဂတံသ ဉာဏ်တော်ဖြင့် ကြည့်ရှု ဆင်ခြင်တော်မူလေလျှင် သီဟိုဠ်၊ သမရခေတ္တရာ၊ သထုံ၊ပုဂံ စသော အရပ်တို့၌ အစွန့်ရှည်စွာ တည်အံ့သော အကြောင်းကို မြင်တော် မူသောကြောင့် သီဟိုဠ်ကျွန်းသို့ ကြွတော်မူပြီး ထိုမှသီဟပဗ္ဗတ၊ ဖိုဦးတောင်ရှိ သမ္ဗုလဘီလူးမင်း၏ ပတ္တ မြားဗိမာန်တွင် ခင်းကျင်းအပ်သော ပတ္တမြား ညောင်စောင်း၌ နေတော်မူ၏။

သမ္ဗုလဘီလူးမင်းသည် ဦးရီးတော် သာ တာ ဂိ ရိ ဘီလူးမင်းနှင့် အဆွေခင်ပွန်း စစ်ဖြစ်ကြသော ဝေတာမိတ္တ၊ ဝေသာဂိရိ၊ ဣဒ္ဓိမန္တဟု ဆိုအပ် သော ဘီလူးမင်းတို့နှင့် ရောပတ္တနဂါးမင်းတို့ထံသို့ ဘီလူးတမန်တို့ဖြင့် စေလွှတ်ဘိတ်ကြားစေ၏။ သီဟပဗ္ဗတ ဖိုဦးတောင်သို့ မြတ်စွာ ဘုရား ကြွ ရောက် တော် မူနေကြောင်း အဆွေခင်ပွန်းတို့ ပူဇော်လိုက ကြွ ရော က် ကြ ဘို့ အကြောင်းနှင့် နောင်သောအခါ ငါတို့မသိရပါဟု မဆိုကြပါလေနှင့်ဟု ပြောကြားစေရန်လည်း ဘီလူးတမန်တို့အား မှာကြားလေ၏။ သမ္ဗုလဘီလူးမင်း ဘိတ်ကြား သည့် အ တို င်း အဆွေခင်ပွန်း အားလုံးတို့သည် ဖိုဦးတောင်သို့ လာ ရောက်ကြ၍ ဘုရားရှင် မျက်မှောက်သို့ ရောက်လေ သော် သစ္စာလေးပါး မြတ်တရားကို ကြားနာရပြီး အချို့သောတာပန် တည်၍ အချို့သရဏဂုံ ပဉ္စသီလ တည်ကြလေကုန်၏။

ထိုအခါဝယ် ရောပတ္တနဂါးမင်းသည် လူမင်းအသွင်ကို ဖန်ဆင်း၍ "မြတ်စွာဘုရား အရှင်မြတ်ဘုရားသည် ဗာရာဏသီပြည်အနီး ကုက္ကုခ်န္ဒစ်ပင်တွင် နေတော်မူစဉ် အခါ ကာ လ ဝယ် တပည့်တော်၊ ကိုးကွယ်ရာ တောင်းပန်သည်ကို နဂါး မင်းအခါ

မရောက်သော။ ဆိုင်းငံ့ဦးလောဟု၊ မိန့်ကြားတော်မူခဲ့ပါသည်။ ယခုအခါကား အချိန်သင့်တန်ပြီ ဖြစ်ပါ၍ တပည့်တော်အား ကိုးကွယ်ရာ ပေးသနားတော်မူပါ ဘုရား”ဟု သုံးကြိမ်တိုင်တိုင် လျှောက်ထားလေ၏။

ဤသို့လျှောက်ထားသော စကားကို ဘုရားရှင် ကြား လေသော်ရွှေနှောင်တော်တို့၏ အစဉ်အလာကို ဆင်ခြင်တော်မူ၍ ဦးကျောင်းတော်မြတ်ကို လက်တော်ဖြင့် သုံးသပ်တော်မူလေလျှင် လေးဆူသော ဆံတော်မြတ်တို့သည် လက်တော်၌ ငြိကပ်၍ ပါလာလေ၏။ ထိုဆံတော် လေးဆူကို ရောပတ္တနဂါးမင်းအား ပေးသနားတော်မူလေ၏။ နဂါးမင်းလည်း ရွှေပန်းတောင်းဖြင့် ခံယူ၍ လျှောက်ပတ်သော နေရာ၌ နေလေ၏။

သမ္ဗုလ၊ သာတာဂီရိ၊ ဝေဿမိတ္တ၊ ဝေသာဂီရိ၊ လေးယောက်သော ဘီလူးမင်းတို့သည်လည်း နဂါးမင်းနည်းတူ ကိုးကွယ်ရာ လျှောက်ထား တောင်းပန်ကြလေသော် ဥဏ္ဏာလုံမွေ့ရှင်တော်နှင့် သာရစိန္တ၊ သုပုဗ္ဗိက၊ ပဒုမပုဏ္ဏရိက၊ ကုမုဒ၊ မာရဘင် အမည်ရှိသော။ မွေ့ရှင်တော်များကို နတ်ဘီလူးတို့ အား ပေးသနားတော်မူလေ၏။

## ပထမအကြိမ်
## ရွှေဆံတော်ဘုရားတည်ထားခြင်း

နဂါးမင်း၊ ဘီလူးမင်းတို့သည် မိမိတို့ တောင်းခံရရှိသော ဆံတော် ဥဏ္ဏာလုံ မွေ့ရှင်တော် စသည်တို့ကို မိမိတို့နေထိုင်ရာဌာန အသီးသီးတို့တွင် ကြီးစွာသော စေတီတည်ထား၍ ကိုးကွယ်ကြ

မည်ဟု အကြံပြုကြလေ၏။ ယိုအကြံကို ဘုရားရှင်သိတော်မူ၍ "သင်နဂါးဘီလူးအပေါင်းတို့ ငါ၏သာသနာတော် အစွန့်ရှည်စွာ စည်ပင်ပြန့်ပြော ထွန်းတောက်မှု အကျိုးတရားကို ရှေးရှု၍ သင်တို့၏ မနမှာတွင် တည်ခြင်းငှာ အလိုမရှိကြကုန်လင့်၊ ရှေးရှေးသော နောင်တော်ဘုရားတို့သည် ဒုကုဋ်၊ အံသကိုဋ်၊ ခါး ပန်းတော်ကို နဝကါသိပြည်မြို့၊ သုဒဿန တောင်တော်၌ တည် ထားဘူးလေပြီ၊ ငါဘုရားအလောင်းတော် စက္ကဝိတ် ဇမ္ဗဝဇိုး ဟသံာ ရေကြက်၊ယုန်၊ ဖွတ်၊ ဝမ်းဘဲဖြစ်စဉ် အခါကလည်း ဤဌာန၌ နေခဲ့ဘူးလေသည်။ ဤဌာန၌သာ လျှင်တည်ထားကိုးကွယ်ကြလေကုန်ဟု မိန့်တော်မူလေ၏။

ထိုအခါ နဂါးမင်းက ဘယ်အခါ ကာလ၌ ထို နေရာ တွင် တည်ရပါမည်နည်းဟု လျှောက်ထားလတ်သော် ဘုရား ရှင် က အဇ္ဇိက—ဘလ္လိက ကုန်သည် ညီနောင်တို့သည် သင်္ဘောတစင်း စီဖြင့် ရောက်လတ္တံ့၊ ထိုသူတို့အား ဆံတော် ခေတ်နှင့် မွေရှင်တော်ခေတ်တို့ကို ပေးအပ်ပြီးလျှင် ထိုကုန်သည် ညီ နောင် တို့ကို အကြံအမှုပြုစေ၍ သင်တို့ ခုနှစ်ယောက် သည် တဆူ တည်းသော ဓေတီကို တည်ထားကိုးကွယ်ကြလေ၊ ဥက္ကာလုံ မွေရှင်တော်ကိုမူ သိဟပဗ္ဗတ ဖိုဦးတောင်၌ စေတီတည်ထား ကိုးကွယ်ကြလေဟု မိန့်ကြားတော်မူလေ၏။ နဂါးမင်း ဘီလူးမင်းတို့သည် မြတ်စွာဘုရား၏ အမိန့်တော်ကို ရိုသေစွာ ခံယူကြလေကုန်၏။

တနေ့သောအခါ နဂါးမင်း ဘီလူးမင်း တို့သည် သင်္ဘောဖြင့် ရောက်ရှိလာသော အဓိပစ္စယမြို့သား အဇ္ဇိက—ဘလ္လိက ကုန်သည်ညီနောင်တို့အား ဘုရား ရှင်၏ ဗျာဒိတ် တော် ထားတော်မူခဲ့သည့် အတိုင်း ဆံတော်မွေရှင်တော်တကို အပ် နှ င်း

ကြလေ၏။ ထိုသို့ အပ်နှင်းကြပြီးနောက် သိကြားမင်း ညွှန်ပြအပ်သော ဘုရားသုံးဆူတို့၏ ဒုကုဋ်၊ အံသကိုဋ်၊ ခါးပန်းတော်တို့ တည်ရာ ဌာန သုဒဿန တောင်တော်မြတ်တွင် အဋ္ဌိကဘလ္လိက အမှူးပြုသော သူမြတ်ခုနစ်ဖော်တို့နှင့်တကွ နတ်ပြဟ္မာတို့သည် မဟာ သက္ကရာဇ် ၁ဝ၃- ခု နှစ်၊ တပေါင်း လဆန်း ၁၄-ရက်၊စတုဒ္ဒသီနေ့၌ ဆံတော် လေးဆူနှင့် မွေရှင်တော်တို့ကို အခိုင်အမာ ဌာပနာ၍ ဘိနပ်တော်တဆယ့်လေးတောင်၊အမြင့်ခုနစ်တောင်ရှိသော စပါးစုသဏ္ဍာန် ရွှေဆံတော်စေတီကို တည်ကြလေ၏။ ယင်း လဆန်း (၁၅)ရက်၊ လပြည့်နေ့၊နေ့(၂)ချက်တီး အချိန်တွင် စေတီတော်တည်၍ ပြီးစီးလေသတည်း။

မှတ်ချက်။ ။ သူမြတ် ခုနစ်ဖော် ဟု ဆိုရာ၌ ကုန် သည်ညီနောင်များဖြစ်ကြသော....

၁။ အဋ္ဌိကာ၊
၂။ ဘလ္လိကာ၊
၃။ ရောပတ္တနဂါးမင်း၊
၄။ သမ္ဘူလ ဘီလူးမင်း၊
၅။ ဝေသာမိတ္တဘီလူးမင်း၊
၆။ ဝေသာဂိရိ ဘီလူးမင်း၊
၇။ ဇလန္ဓိမန္တဘီလူးမင်းတို့ကို ဆိုသည်။

# ရှင်ပင်ဘုန်းမြင့်—ရှင်ပင်ဘုန်းပွင့်

ရွှေဆံတော်ဘုရား တည်ပြီးသည့်အချိန်၌ပင် ကိုယ်စားတော် ခုနစ်ဆူတို့ကိုလည်း သိကြားမင်းသည် သွန်းလုပ်ပြီးစီး အောင် မြင်လေ၏။ရှေ့ဦးစွာ ပြီးစီးသော အရှင်နှစ်ဆူတို့သည် ကောင်း ကင်သို့ တက်ကြွ၍ ခြောက်သွယ် သော ရောင် ခြည် တော် တို့ လွှတ်၍ နေသည်ကို သူမွန် ခုနစ်ဖော်တို့ ဖူးမြင်ကြရလေသော် ငါတို့၏ အရှင်များသည် ‘ဘုန်းတော်မြင့်ပြီ’ - ‘ဘုန်းတော်ပွင့်ပြီ’ ဟူ၍ သံပြိုင် ဟစ်ကြွေးကြလေ၏။

ဤသည်ကို အကြောင်းပြု၍ ဦးစွာ ပြီးစီးသော ကိုယ်စား တော်နှစ်ဆူ၏ဘွဲ့တော်ကို အစဉ်လိုက်အားဖြင့်‘ရှင်ပင်ဘုန်းမြင့်’ - ‘ရှင်ပင်ဘုန်းပွင့်’ဟူ၍ သိကြားမင်းကိုယ်တိုင် ဘွဲ့ မည် တော် သ လျက်၊ ဤ အရှင် နှစ်ဆူကို ယုံယုံကြည်ကြည် ကိုးကွယ် ပူဇော် သူတို့သည် ဘုန်းတန်ခိုးကြက်သရေ ‘မြင့်၍’ ‘ပွင့်၍’ ဘေးဥပဒ် ကင်းပျောက်ပြီး ကပ်သုံးပါး လွန်မြောက်ကာ နိဗ္ဗာန်သို့ရောက် စေနိုင်သည် ဟု ဆိုလေ၏။

ထို့နောက် ငါးဆူသော ကိုယ် စား တော် တို့ သည် လည်း တပြိုင်တည်းပင် တန်ခိုးပြာဋိဟာ ပြတော်မူလျက်၊ ကောင်းကင် ပြင်ဝယ် ခုနစ်ဆူသော အရှင်မြတ်တို့သည် ထန်းခုနစ်ဆင့် မြင့် သော နေရာ၌စံပယ်တော် မူကြလေ၏။

သိကြားမင်းသည် ဆံတော် မွေတော်တို့နှင့်ကွေကွင်းရသဖြင့် မစားနိုင် မအိပ်နိုင်၊ ကြီးစွာ ပူဆွေး ဝမ်းနည်း စိတ်ဆင်းရဲခြင်း

ဖြစ်နေကြသော သူမွန် ခုနစ်ဦးတို့အား-“ရှေးဦးစွာ သွန်းလုပ်ပြီးစီးသော ရှင်ပင်ဘုန်းမြင့်နှင့် ရှင်ပင်ဘုန်းပွင့် အရှင်နှစ်ဆူကို ကျန်သည့် ညီနောင်တို့ ကြီးစဉ် ငယ်လိုက် ကိုးကွယ်ကြလေ-ကျန် ငါးဆူသော အရှင်တို့ကို သူမွန် ငါးဦးတို့ကို ကိုးကွယ်ကြလေ၊”ဟု ဆိုလေ၏။

ထိုအခါ သူမွန်တို့က “ကောင်းကင်၌ သီတင်းသုံး နေတော်မူသော အရှင်မြတ်တို့ကို အဘယ်သို့ ပင့်ဆောင်နိုင်ပါအံ့နည်း-” ဟု ပြောကြားလေ၏။ သိကြားမင်းက “အချင်း သူမွန် ခုနစ်ဦးတို့ သင်တို့သည် ကိုးကွယ်ဒါယကာခံထိုက်ပါမူ သင်တို့၏ ဦးခေါင်းထက်၌ တည်လတ္တံ့”ဟု ဆိုလေ၏။ ထိုအခါ သူမွန် ခုနစ်ဦးတို့သည် အရှင်မြတ်တို့အား ရှိခိုး၍ “တပည့်တော်များ ကိုး ကွယ်ပူဇော်ထိုက်ပါက အရှင်မြတ်တို့သည် ဒါယကာ ရှိရာ တပည့်တော်တို့၏ ဦးခေါင်းထက်သို့ ကိန်းဝပ် တည်နေတော် မူ ပါစေသတည်း၊”ဟု အဓိဋ္ဌာန်ပြုကြလေ၏။

ခုနစ်ဆူသော ဘုရားရှင်တို့သည် အ ထူး ထူး သော တန်ခိုး ပြာဋိဟာတို့ကို ပြတော်မူလျက် ‘ရှင်ပင်ဘုန်းမြင့်-ရှင်ပင်ဘုန်းပွင့်’ အရှင်နှစ်ဆူတို့သည် အဇ္ဇကာ၊ဘလ္လိကတို့၏ ဦးခေါင်းထက်သို့ ကြွရောက် စံပယ်၍ ကျန်ငါးဆူတို့သည်လည်း ကျန်သော သူမွန် ငါးဦးတို့၏ ဦးခေါင်းထက်သို့ ကြွရောက်စံပယ်တော်မူကြလေ၏။ သူမွန် ခုနစ်ယောက်တို့သည်ကား အမြိုက်ရေစင်ဖြင့်သွန်းလောင်း ဘိသကဲ့သို့ အတိုင်းမသိသော ပီတိအဟုန်ဖြင့် နှစ်သက်ရွှင်လန်း၊ ဝမ်းမြောက်စွာ ပူဇော်ကြလေကုန်၏။

သိကြားမင်းလည်း ရွှေဆံတော် စေတီနှင့် ခုနစ်ဆူသော ကိုယ်စားတော်တို့ကို လက်ျာရစ်လှည့်၍ ပူဇော်ပြီးလျှင် “ဒို….

အချင်းတို့၊သင်တို့သည်အသက်ရှည်သမျှကာလပတ်လုံး ဤအရှင်မြတ်တို့ကို ကိုးကွယ် ကြလော၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်သော အရှင်မြတ်တို့ တည်း”ဟု ပြောကြား၍ မိမိနေရာ တာဝတိံသာသို့ ပြန်လေသတည်း။

နဂါးဘီလူး ငါးဦးသော သူမွန် တို့သည်လည်း သုဒဿနတောင်မှ ဆင်းသက်၍ မိမိတို့နေရာ အရပ်အသီးသီးသို့ ကိုယ်စားတော်တဆူစီကို ပင့်ဆောင်၍ ပြန်ကြလေကုန်၏။ ကုန်သည် ညီနောင်တို့သည်လည်း ဆံတော်ရှင် စေတီကို လကျ်ာရစ် လှည့်လှည့် ပူဇော်ပြီးလျှင် သုဒဿနတောင်မှ ဆင်းသက်၍ ‘ရွှေဘုန်းမြင့်၊ ရွှေဘုန်းပွင့်’ အရှင် နှစ်ဆူတို့ ကို သ င်္ဘော နှစ် စင်း တွင် တခယောက်တဆူစီ ပင့် ဆောင် ၍ သ င်္ဘော နှစ် စင်း ယှဉ် ကာ သင်္ဘောသား ငါးရာစီနှင့် ဘကွ မိမိတို့ ဒေသသို့ လွှင့် ကြ လေကုန်၏။

## အဇ္ဇဝိက–ဘလ္လဝိက ကုန်သည်ညီနောင်တို့၏ လမ်းခရီးတွင် အတွေ့အကြုံများ

အဇ္ဇဝိက-ဘလ္လဝိက ကုန်သည် ညီနောင်တို့၏ သင်္ဘောနှစ်စင်းသည် ယူဇနာ တရာမျှ ကွာဝေးသော အရပ် သို့ ရောက်လေသော် ··· ရှ တ္တ ရက် ရှောင်တခင် မကြုံစဘူး၊ ထူးကဲသော လှိုင်းတံပိုး ထကြွခြင်းတို့ကို ကြုံရလေ၏။ လှိုင်းလုံးကြီးများသည် ကားး တောင်ကြီးပမာဏ လွန်စွာ ကြီးကျယ်လှသဖြင့် သင်္ဘော

နှစ်စင်းမှာ ရံဖန် ရံခါ လှိုင်းထက်တွင် တောင် ထိပ် ပေါ် သို့ ရောက်ရှိသွားသကဲ့သို့၎င်း၊ ရံဖန် ရံခါ လှိုင်းအောက်တွင် ရေ၌ ငုတ်လျှိုးသွားသကဲ့သို့၎င်း၊ ကြောက်ခမန်းလိလိ အခြေအနေကို တွေ့ကြုံရလေ၏။ ရံဖန် ရံခါ သင်္ဘောတစင်းနှင့်တစင်း မမြင်ရဘဲ ရှိဘိ၏။

ဤသို့ မိမိတို့၏ တန်ခိုးဖြင့် ကြီးကျယ်သော လှိုင်းတံပိုးတို့ကို ဖြစ်စေအောင် ဖန်တီးသူတို့ကား ဝိရူပက္ခနဂါးမင်း၊ ဆဗျာပုတ္တနဂါးမင်း၊ ကဏှာဂေါတမ နဂါးမင်းတို့ပေတည်း။ဤသူတို့သည် ဧရာပတ္တနဂါးမင်းမှာ ကိုးကွယ်ရာ ရလေပြီ။ ငါတို့မှာမူကား ကိုးကွယ်ရာ မရလေ။ သို့ဖြစ်၍ ကုန်သည် ညီ နောင် တို့ အား ကြောက်လန့်အောင် ပြုလုပ်၍ အရှင်နှစ်ဆူကို သင်္ဘောနှင့်တကွ နဂါးပြည်သို့ ပင့်ဆောင်မည်။ နဂါးပြည်သို့ ရောက်သည့်ကာလ ကုန်သည်တို့အား များစွာသော ရတနာတို့ကိုပေး၍ အရှင်နှစ်ဆူတို့ကို နဂါးပြည်၌ ကိုးကွယ်အံ့ ဟု ကြံစိ၍ ဤသို့ပြုကြခြင်း ဖြစ်လေသည်။

သုံး ဦး သော နဂါးမင်းတို့သည် မိမိ တို့၏ အကြံ အစိ အောင်မြင်စေရန် တဆင့်ထက် တဆင့် ကြောက်မက် ဘွယ် ရာ ကောင်းသော၊ကြီးကျယ်သော လှိုင်းတံပိုးကြီးများကို ဆက်ကာ ဆက်ကာဖြစ်၍ နေစေ၏။သင်္ဘောနှစ်စင်းမှာလည်း ပိုမိုပြင်းထန်၍လာသော လှိုင်းလုံးကြီးများနှင့် မုန်တိုင်းတို့၏ အကြား၌ လှိုင်းအမြင့်တွင် မိုးသို့ ပျံတက်ဘိ သကဲ့သို့၎င်း၊ လှိုင်းအောက် အရောက်တွင် လိုဏ်ခေါင်းကြီးများ အတွင်းသို့ရောက် သွား ဘိ သကဲ့သို့၎င်း၊ လူသားတို့အဖို့ ကြောက် လန့် ခြင်း ဖြင့် အသက် ပျောက်သွားလောက်အောင် ဖန်တီးကြလေ၏။

ဤအဖြစ်ထဲမှပင် လှိုင်းအထက်သို့ ရောက်သည့်အခါ၌ငှင်း၊ လှိုင်းအောက်သို့ ရောက်သည့်အခါ၌ငှင်း၊ သက်မဲ့ ဖြစ်သော ရေဇလာသည် အရှင်နှစ်ဆူကို ပူဇော်နေသည့်အလား၊ မြသား၊ ငွေရောင်အဆင်းကိုဆောင်သော ရေတံခွန်၊ ရေထီး၊ ရေပန်းခိုင်၊ ရေပန်းပွင့်၊ ရေပန်းမွှာ တို့ ဖြင့် လှပ တင့်တယ်၊ ဆန်းကြယ်စွာ ဖြစ်ပေါ်၍ နေလေ၏။

ကုန်သည် ညီနောင်နှင့် သင်္ဘောသားတို့ကား ကြောက်ရွံ့ တုန်လှုပ်ခြင်း၊ အလျင်းမရှိ၊ ပကတိ တည်ငြိမ်စွာဖြင့် အရှင် နှစ်ဆူ တို့ကို ရိုသေစွာ ရှိခိုးလျက်....

"ဗုဒ္ဓေါမေ တိဏ္ဏကန္တာရော၊
လောကဟိတော ဂမနံ ဟောတု။
ဓမ္မောမေ တိဏ္ဏ ကန္တာရော၊
လောကဟိတော ဂမနံ ဟောတု။
သံဃောမေ တိဏ္ဏ ကန္တာရော၊
အနုတ္တရေ ပုညခေတ္တော၊ ဂမနံ ဟောတု။ ။

ဟူ၍ သစ္စာပြုကြလေ၏။

ထိုအခါ မုန်တိုင်းထန်၍ လှိုင်းတံပိုး အဟုန်ပြင်းပြနေသော အလုံးစုံသော ရေဇလာသည် အပေရာ ရန်မသန်းတော့ဘဲ ငွေသင်ဖြူး၊ ရွှေသင်ဖြူး၊ မြသင်ဖြူးတို့ကို ပြန့်ပြူးစွာ ခင်းထားဘိ သကဲ့သို့ သာယာ တည်ငြိမ်သော ရေမျက်နှာပြင်အဖြစ်သို့ ရောက်ရှိ သွားလေသတည်း။

မှတ်ချက်။ ။ ရေကြောင်း သွားလာ သူတို့သည် လေပြင်း မုန်တိုင်း၊ လှိုင်းတံပိုး၊ ဘေးအန္တရာယ်တို့နှင့်

> မကြုံတွေ့မိသော်ငြား၊ ကြုံတွေ့ခိုက်သော်ငြား၊ ရတနာမြတ်သုံးပါးတို့ကို အာရုံပြု၍ အထက်ပါဂါထာတော်ကိုရွတ်ဖတ်သရဇ္ဈာယ်ပါက ဘေးဥပဒ်ကင်းပျောက်၍ လိုရာခရီးသို့ ရောက်စေနိုင်သော တန်ခိုးသတ္တိထူး တို့ဖြင့် ပြည့်စုံသော ဂါထာဖြစ်လေသည်။ ကျက်မှတ်ထားကြပါကုန်။

နဂါးမင်း သုံးဦးတို့သည် မိမိတို့၏ တန်ခိုးရှိသမျှ၊ အစွမ်းကုန် ခြောက်လှန့်ခြင်းတို့ဖြင့် မိမိတို့ အကြံအစီ မအောင်မြင်လေသော်၊ ဝိရူပက္ခ နဂါးမင်းသည် ရတနာ့ ခုနစ်ပါးဖြင့် ပြီးသော ကြီးစွာသောသင်္ဘောကြီးကိုဖန်ဆင်း၍ သိကြားမင်းအသွင်ကဲ့သို့ များစွာသော ပရိသတ်တို့ ခြံရံ ယျက် ကုန်သည် ညီနောင်တို့ အား ရင်းနှီးစွာ တွေ့ဆုံ၍ ဤသို့ပြောကြားလေ၏။

"အချင်း ကံပါရမီ ထူးလှသော သင်္ဘော သူကြီး နှစ်ဦးတို့၊ ကျွန်ုပ်တို့နေရာ အလွန်သန့်ကျယ် သာယာ ရွှေချင်စဖွယ် အဖြာဖြာနှင့် ပြည့်စုံသော ဘောဂဗတီပြည်သို့ ခုနစ်ရက်မျှ လိုက်ခဲ့ကြပါ။ သင်တို့၏ သင်္ဘောများနှင့်တကွ ဆောင်ယူပါမည်။ ကျွန်ုပ်နှင့်တကွ အဆွေအမျိုးအပေါင်းတို့သည် တန်ခိုးတော်ကြီးမားလှသော ဤ ဘုရားရှင် ကိုယ်စားတော် နှစ်ဆူတို့ကို ခုနစ်ရက်တာမျှ ကိုးကွယ် ပူဇော်ပါရစေ" ဟု အနူးအညွတ် ပြောဆို တောင်းပန်လေ၏။

ကုန်သည်ညီနောင်တို့သည် ဤသို့တိုင်ပင် ကြကုန်၏။ ငါ တို့ အား သူတို့နေရာသို့ မရောက်မီကပင် အရှင်နှစ်ဆူကို အပြီးအပိုင်

ကိုးကွယ်လိုသဖြင့် ကြီးစွာသောမုန်တိုင်း လှိုင်း တံပိုး တို့ဖြင့် ခြောက်လှန့်ကြလေသည်။ သူတို့စကားကို ယုံစား၍ နဂါးပြည်သို့ လိုက်မိလေသော် အရှင်နှစ်ဆူကို ဆုံးရှုံးရမည့် မြင်ငါတို့သည်လည်း နေရပ်သို့ ပြန်လည်ရောက်တော့မည် မထင်ဟု ယူဆကြ၍ "အရှင်နဂါးမင်း၊ကျွန်ုပ်တို့လူသား ကုန်သည်များမှာ ရောင်းဝယ်ခြင်းစသော ကိစ္စများစွာရှိ၍ နဂါး ပြည် သို့ မလိုက်လိုပါ" ဟု ငြင်းဆန်ကြလေ၏။

ထိုအခါ နဂါးမင်းသည် "အချင်းညီနောင်တို့၊ငါတို့နဂါးပြည်သို့ မလိုက်လိုသော် ဤအရပ်၌ပင် ခုနစ်ရက် ဆိုင်းငံ့ပါ။ ငါတို့သည် ဤအရပ်၌ပင် အရှင်နှစ်ဆူတို့ကို ပူဇော်ပါရစေ" ဟု ထပ်လောင်း တောင်းပန်ပြန်လေ၏။ ညီနောင် တို့သည် လည်း နဂါးပြည်သို့ မလိုက်ရလျှင်ပင် နှစ်သိမ့် ကျေနပ် လှပြီဖြစ်၍ ခုနစ်ရက်မျှ ဆိုင်းငံ့ပါအံ့ဟု ခွင့်ပြုလိုက်လေ၏။

ထို့နောက် ဆဗျာပုတ္တ နဂါးမင်းနှင့် ကဏှာ ဂေါတမနဂါးမင်းနှစ်ယောက်တို့ကလည်း မိမိတို့နေရာသို့ ခုနစ်ရက်မျှစီ လိုက်ပါ အပူဇော်ခံရန် တောင်းပန်ကြပြန်၏။ကုန်သည် ညီနောင်တို့သည် အားလုံးသော နဂါးမင်းတို့၏ ကျေနပ် နှစ်သိမ့်မှု ဖြစ်ကြစေရန် မည်သူ့နေရာကိုမျှ မလိုက်ပဲ သမုဒ္ဒရာအလယ်၌ ဆိုင်းငံ့ပါအံ့။သမုဒ္ဒရာအလယ်၌သာ ပူဇော်ကြပါလေဟုဆို၏။ထိုအခါ သုံးဦးသော နဂါးတို့သည်လည်း ဤမျှ ပူဇော် ရသည် ကိုပင်၊ ကျေနပ်ဝမ်းမြောက်ကြလေကုန်၏။

ထိုအချိန်၌ မဏိမေခလာ နတ်သမီးသည် ကျွန်းငယ်လေးခုတို့ကို လျင်မြန်စွာ ဖန်ဆင်းလေ၏။ သာယာ တင့် တယ် သော ဆိပ်ကမ်း၊ အေးမြကြည်လင်သောရေ အယဉ်၊ ပုလဲဥ-ပုလဲစုံတို့

နှင့်တူသော၊ သဲသောင်ပြင်၊ ဥယျာဉ် ပန်းမာလ်စသော များစွာသော တင့်တယ်လျောက်ပတ်သည့် နေရာထိုင်ခင်းစသည်တို့ကိုလည်း ဖန်ဆင်းလေ၏။

ထိုအခြင်းအရာကို ဝိရူပက္ခ နဂါးမင်း မြင်လေသော် အလွန်ဝမ်းမြောက်သည် ဖြစ်၍ မဏိမေခလာ နတ်သမီး ဖန်ဆင်း ထားသော၊ တခုသော ကျွန်းငယ်၏ အလယ်၌ ဘုံခုနစ်ဆင့် ရှိသော ဝေဇယန္တာ ပြာသာဒ်ကို လျင်မြန်စွာ ဖန်ဆင်းလေ၏။ ထိုပြာသာဒ် အလယ်၌ ရတနာညောင်စောင်းကိုခင်း၍ ထိုညောင်စောင်း၏ အလယ်၌ ပတ္တမြား ပလ္လင်ကို ခင်းလေ၏။ ထိုပလ္လင် အထက်၌ အင်းပျဉ်ကိုခင်း၍ အင်းပျဉ်ထက်၌ ရတနာမျိုးစုံဖြင့် ခင်းလျက် ကိုယ်စားတော်မြတ် ရုပ်ရှင်တော်နှစ်ဆူကိုပူဇော်လေ၏။ အားမရသော ရှိခိုးခြင်းဖြင့် အကြိမ်ကြိမ် ဦးနှိမ်ချ၍ ရှိခိုးပူဇော်လေ၏။

ဝိရူပက္ခနဂါးမင်း၏ စေတနာ သောမနဿသည် ဤမျှပူဇော်ခြင်းတို့ဖြင့် မရပ်တန့်နိုင်သေးဘဲ ဖူးစင်သောပုလဲတို့ဖြင့် စီချယ်အပ်သော ရွှေကွန်ရက် ငွေကွန်ရက် ရွှေကြာယပ် ငွေကြာယပ် ရွှေညောင်ရွက် ငွေညောင်ရွက် ရွှေဆည်းလည်း ငွေဆည်းလည်းတို့ဖြင့်၎င်း ရတနာရောင်စုံတို့ဖြင့် ပြီးသော၊ ထီးဖြူ တို့ဖြင့်၎င်း ရွှေပေါက်ပေါက် ငွေပေါက်ပေါက်၊ ရွှေပန်းခိုင် ငွေပန်းခိုင်၊ ရွှေတံခွန် ငွေတံခွန်၊ ရွှေထီး ငွေထီး၊ ရွှေတန်ဆောင်တိုင် ငွေတန်ဆောင်တိုင်၊ ရွှေပြာသာဒ် ငွေပြာသာဒ်၊ ပတ္တမြားပြာသာဒ်တို့ဖြင့်၎င်း၊ အထူးထူးသော လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်း၍ များစွာသော နဂါးအဆွေအမျိုး၊ အပေါင်းတို့နှင့် ခုနစ်ရက်တိုင်တိုင် ပူဇော်ခြင်းကို ပြုကြလေ၏။

ဆဗ္ဗာပုတ္တာ နဂါးမင်းနှင့် ကဏ္ဍဂေါတမ နဂါး မင်း တို့သည်လည်း ဝိရူပက္ခ နဂါးမင်းနည်းတူ မဏိမေခလာ နတ်သမီးဖန်ဆင်းအပ်သော ကျွန်းငယ် တခုစီတို့၌ မိမိ တို့ အဆွေ အမျိုး အပေါင်းနှင့်တကွ အံ့ဘွယ်ဘနန်း များစွာသော လှူဒါန်းမှုမျိုးစုံတို့ဖြင့် ခုနစ်ရက်စီ ပူဇော်ကြလေကုန်၏။

ဘုရားရှင်၏ မွေတော်ကို ကိုးကွယ်ရာရရှိပြီး ဖြစ်သော ဧ ရာပတ္တ နဂါးမင်း သည် လည်း လာ ရော က် ပူဇော် ၏။ မ ဏိမေခလာ နတ်သမီးသည်လည်း နဂါးမင်းတို့ နည်းတူ၊ အထူး ထူးသော ပူဇော်မှုတို့ဖြင့် ခုနစ်ရက် တိုင်တိုင် ပူဇော်လေ၏။

ဤသို့နဂါးမင်း သုံးယောက်နှင့် မဏိမေခလာ နတ်သမီးတို့၏ ပူဇော်ခြင်းတို့ကို ဖေးသတ္တာဟ ဟု ဆိုအပ်သော ခုနစ်ရက်လေးလီအညီအမျှ ခွင့်ပြုပြီးသော် အရှင်နှစ်ဆူကို သင်္ဘောသို့ ပြန်လည်ပင့်ဆောင်၍ နဂါးမင်းများနှင့်၊ နတ်သမီးအား ပန်ကြားပြီးလျှင် ထိုအရပ်မှ သင်္ဘောလွှင့်ကြလေကုန်၏။ လမ်းခရီး တလျှော က် တွင်လည်း အရှင်နှစ်ဆူကို ပူဇော်လိုသဖြင့် အဆီးအတားတို့နှင့် တွေ့ကြုံလင့်ကစား အရှင်မြတ်နှစ်ဆူ၏ တန်ခိုးတေဇော်၊ အာ နုဘော်တော်ကြောင့် ဘေးမခ ရန်မသန်းပဲ မိမိတို့၏ ဒေ သ ဖြစ်သော အဓိပစ္စယမြို့သို့ ကောင်းမွန်စွာ ဆိုက် ရောက် ကြလေသတည်း။

မှတ်ချက်။ ။ အဓိပစ္စယမြို့ကား ယခုအခါ 'သံလျင်' သို့မဟုတ် 'တညင်' မြို့ကို ခေါ်ဆိုသည်။ ကု န် သည်ညီနောင်အဇ္ဇိက ဘလ္လိက တို့ ကား တညင်မြို့သားတို့ ပေတည်း။

## ပိဿနိုးနတ်ရုပ်နှင့်—တန်ခိုးပြိုင်ခြင်း

ညီနောင်နှစ်ယောက်တို့သည် မိမိတို့၏မြို့သို့ ရောက် ကြလေလျှင် အရှင်နှစ်ဆူကို သင်္ဘောမှမြို့သို့ ပင့်ဆောင်ရာ၌ များစွာသော တူရိယာတို့နှင့် တကွ ရွှေထီးတော်၊ ရွှေတံခွန်၊ မ လေး ဖွါး၊ ကုက္ကား၊ ကြက်လျှာတို့ဖြင့် ပူဇော်ခြင်း၊ ရာဇမတ် သဲဖြူခင်းကျင်းလျက် ကြာသွတ်အိုး ရေပြည့်အိုးတို့ဖြင့် ပူဇော်ခြင်း၊ ပန်းနံ့သာ အထုံအသင်း၊ နံ့သာပျောင်း၊ နံ့သာမှုန့်တို့ဖြင့် ပူဇော်ခြင်းစသော၊ ပူဇော်မှု အမျိုးမျိုးတို့ကို ပြုလေ၏။

ထိုမှတပါး အဓိပစ္စယပြည့်ရှင် ဘုရင်မင်းမြတ်အား ကိုယ်စားတော်မြတ် နှစ်ဆူ၏ ဖြစ်စဉ်တော်များကို လျှောက်ထားရာ၊ နှစ်သိမ့်တော်မူသဖြင့် ဘုရင်မင်းမြတ်စီးတော်မူသော၊ ရတနာဆင်ဖြူနှစ်စီးကို တင့်တယ်စွာဆင်ယင်ပြီးလျှင် တဆူစီတင်ဆောင်၍ အထူးတလည် စီမံအပ်သော မင်္ဂလာ မဏ္ဍပ်တော်၏ အလယ်ရှိ၊ ထီးဖြူမိုးသည့် ရာဇပလ္လင်နှစ်ခုထက်သို့ ပင့်ဆောင်ကြလေကုန်၏။

ထိုအခါဝယ် ပိဿနိုးနတ် ကိုးကွယ်မှု အယူရှိကြကုန်သော သူတို့သည် ဤသို့ဆိုကြကုန်၏။ "ဤရာဇပလ္လင် ထီးဖြူ တို့ ဖြင့် ခင်းကျင်းအပ်သော နေရာသည် ပိဿနိုးနတ်မင်း၏ နေရာ သာ ဖြစ်၏။ ယခုမှရောက်ရှိလာသော ဤအရုပ်နှစ်ခုကို ပလ္လင်တော်၌ ထားခြင်း၊ ထီးဖြူဆောင်းခြင်းငှာ မထိုက်၊ မြန်စွာ ဖယ်ရှားကြလော့" ဟု ဆိုကြကုန်၏။

အဇ္ဇိက—ဘလ္လိကတို့ကလည်း "အချင်းတို့၊ မြတ်စွာဘုရား၏ ကိုယ်စားတော်ဖြစ်သော ဤရုပ်ရှင်တော်မြတ်၊ ရုပ် လု နှစ် ဆူ

သည် လူနတ်နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။ အတိုင်းမသိ တန်ခိုးတော်ဇော် အာနုဘော်တို့ဖြင့်လည်း ကြီးမြတ်တော် မူပေ၏။ ပိဿနိုးနတ်ရုပ်နှင့် မည်သို့မျှ မနှိုင်းယှဉ်သင့်ပေ” ဟု ဆို၏။

ထိုအခါ ပိဿနိုးနတ် ကိုးကွယ်သူတို့က အပြိုင်အဆိုင်ဖြင့် ပိဿနိုးနတ်ရုပ်ကို အသီးသီး ချီးမွမ်းပြောဆိုကြကုန်၏။ မိမိ တို့၏ အသင်းအပင်းများကိုလည်း ချီးမွမ်းပြောဆို ကြစေကုန်၏။ ထိုသို့ ဖြစ်လတ်သော် အဇ္ဇိက-ဘလ္လိက အမှူးရှိသော သင်္ဘောသား တထောင်တို့နှင့်တကွ ဆွေမျိုးအပေါင်းတို့သည် မခံ မရပ် နိုင်သဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်ကြကုန်၏။

ယင်းသို့ တိုင်းပြည်တွင် အုတ်အုတ်ကျက်ကျက် ဖြစ်သည်ကို အဓိပစ္စယ ပြည့်ရှင် ဘုရင်မင်းမြတ် သိလေသော် နှစ်ဦးနှစ်ဘက် သောပရိသတ်တို့အား ဤသို့မိန့်ကြားတော်မူ၏။ “ဖောဖလုံးသော ပရိသတ်အပေါင်းတို့၊ ပသာ၊ မ ရိုး၊ တံပိုး၊ ဒုံမင်းစသော တူရိယာအမျိုးမျိုးတို့ကို တီးမှုတ်ခြင်း ပြုကြကုန်လော့။ သင်တို့ ကိုးကွယ်သော အရုပ်သည် ထင်ရှားစွာ တန်ခိုးအာနုဘော် ပြသနိုင်သည်ဖြစ်အံ့၊ ပြသသော အရုပ်ကိုသာလျှင်ကိုးကွယ်မည်”ဟုမိန့်တော်မူ၏။

ဤတွင်ပိဿနိုးနတ်ရုပ် ကိုးကွယ်သူတို့သည် ဝမ်းမြောက်ဝမ်းသာဖြင့် မိမိတို့ကိုးကွယ်သော ပိဿနိုးအရုပ် တန်ခိုး ပြသ စေခြင်းငှာ ခေါင်းဆောင် ဆရာကြီးတို့က စကားအရာဝါစာသီလိဋ္ဌတို့ဖြင့်ရင်း၊ သံတိုသံရှည်၊ နိမ့်ချီ မြင့်ချီ၊ တေး ဂီ တများ ကျူး သီ၍ရင်း အမွှေးနံ့သာတိုင်တို့ဖြင့် ဈေ့ကာ ရမ်းကာ ပြု၍ရင်း

အထူးတလည် ပူဇော်ပသမှုတို့ကို ပြုကြကုန်၏။ သူတို့၏ဘက်တော်သူ၊ လုံမပျိုကလေးများကလည်း နတ်မင်းရှင်ပျံစေရန် ရွှေချိထိုး ငွေချိထိုးစသည့် လှပသော ဝတ်စားတန်းဆာတို့ကို ဆင်ယင်၍ သာယာသော ဂီတသံစဉ်တို့ကို ကျူးရင့်လျက်ဝဲကာဝဲကာ၊လှန့်ကာ လှန့်ကာ၊ နွဲ့ပျောင်း ညက်ညောသော ပူဇော်ဟန်၊ ကကြိုးကကွက်ဖြစ်သည့် ဘာရနတ္တရံ အကမျိုး၊ ညောင် ရွက် လေချိုအာချိုးစသော များစွာသော ကမျိုး၊ သီမျိုး၊ တီးမှုတ်မျိုးတို့ဖြင့်တန်ခိုးပြတော်မူရန် တောင်းပန်ကြလေ၏။ မည်သို့ပင်ပူဇော်ပသ တောင်းပန်ငြားလည်း ပိဿနိုး နတ်ရုပ်ကား တစုံတရာအံ့ဩဘွယ်တခုမျှ မဖြစ်ပေါ်ပဲ မတုန်မလှုပ် ငုတ်တုတ်သာတည်း။

ထိုသို့ပိဿနိုးနတ်ရုပ် တန်ခိုးမပြလေသော် အဓိပတ္တိ ပြည့်ရှင် ဘုရင်မင်းမြတ်သည် ပိဿနိုးနတ်ရုပ် ကိုးကွယ် သူတို့အား၎င်းတို့၏အစီအရင်များကို ရပ်တန့်စေ၍ အဇ္ဇ္ဇကြ ဘလ္လိကကုန်သည်ညီနောင်တို့အား "အသင်တို့ ကိုယ်စားတော်နှစ်ဆူ ၏ တန်ခိုးတော်ကို ပြပါလော့" ဟု ဆို၏။

ကုန်သည်ညီနောင်တို့သည် ရဲရင့်တည်ငြိမ် ဝမ်းမြောက်သော စိတ်ဖြင့် "ဘုရင်မင်းမြတ်ကြီးဘုရား စောင့်စား ဖူးမြော်ဘော်မူပါလော့၊ ကိုယ်စားတော်နှစ်ဆူ၏ အံ့ဩ၍ မကုန်နိုင် သော တန်ခိုးတော် အနန္တတို့ကို ယခုပင်လျှင် မျက်ဝါး ထင် ထင် ဖူးမြင်ရပါအံ့ ဘုရား"ဟု လျှောက်တင်ပြီးလျှင် အရှင်နှစ်ဆူအား ရှိသေစွာ ရှိခိုးလျက် သရဏဂုံသုံးပါးကို ခံယူဆောက်တည်ကြလေ၏။ ထို့နောက် အရှင်နှစ်ဆူတို့အား ဤသို့လျှောက် ထားလေ၏။

"အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌ ဇေဋ္ဌ၊ အတုလ ပရမံ၊ အရဟံ ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရ မာရဇိ၊ တိလောကန္တဂူ၊သယမ္ဘူဘဝိဿရ၊ ဤသို့စသား အသခေျ်ယျ၊နံ့ဘမံတံဆိပ်၊ ဂုဏ်ဝိသိဋ္ဌဖြင့်းဇမ္ဗူထိပ်မှတက် ၍ ဘဝဂ်တိုင်အောင် ကြွေငြာလျက် ကာမရူပ အရူပဟု သြကာသသုံးရပ် လောကဓာတ်၌ အမြတ်ထက် အမြတ်၊ သမိုက်အပ်သော လူနတ်ဗြဟ္မာ၊ မဟာကဝိန်၊ သုခမိန်တို့ သည် ပညာဉ်ရှိတိုင် းဖြင့် ခြားပိုင်း တွက်ကျုံး၍ မဆုံး မကုန်နိုင်အောင် မကြံစီနိုင်၊ မအုံ့သြနိုင်၊ ပြည့်လိုင်ထွေ ပြား များပြားကျယ်ဝန်းသော ကျေးဇူးတော်အစုံ ဂုဏ် အပေါင်းတို့နှင့် ပြည့်စုံတော်မူသာဖြင့် လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့ထက် မြတ်တော်မူသော၊ အလုံးစုံ သော တရားတို့ကို သိတော်မူသော၊မိုက်မြေးမကုန်သေး သော သတ္တဝါ အနန္တတို့ကို သနားတော်မူသော သုံးလူ့ ထွဋ်ထား ကိုယ်တော်မြတ်ဘုရား၏ ကိုယ်စားတော်နှစ်ဆူ ဖြစ်တော်မူသော ရှင်ပင်ဘုန်းမြင့်-ရှင်ပင်ဘုန်းပွင့် အရှင် မြတ်တို့ ဘုရား....။

အရှင်မြတ်တို့နှင့်တကွ တရားတော် မြတ်အပေါင်း၊ သံဃာတော်မြတ်အပေါင်းတို့သည် တပည့်တော်များ၏ ကိုးကွယ်ရာ ဖြစ်တော်မူပါဘုရား–။

အရှင်မြတ်ဘုရားသည် လူနတ် ဗြဟ္မာတို့၏ အကျိုး ကို အလိုရှိသည်ဖြစ်၍ ဆယ်ပါးသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော် မူစဉ် ကပင် ဦးခေါင်း တော် ကို၎င်း၊ နှစ်လုံးတော်ကို၎င်း၊ မျက်စိတော် ကို ၎င်း၊ လျှာ တော်

ကိုင်း၊ အသွေးတော်ကိုင်း၊ အသားတော်ကိုင်း ပေး
လှူ၍ဘုရားဖြစ်ကြောင်း သမ္ဘာရ အဆောက်အဦးတို့ကို
ဖြည့်ကျင့် ဆီးပူးတော်မူ၍ ဘုံသုံးပါးတွင် တုဘက် ထင်
ရှား ဂုဏ်ကိုးပါးနှင့် ဘုရားအဖြစ်သို့ ရောက် တော် မူခဲ့
ပါ၏။ အရှင်မြတ်နှစ်ဆူတို့သည် ထိုဆို အပ်ခဲ့ ပြီးသော
ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ကိုယ်
စားတော်အစစ် အမှန်ပင် ဖြစ်တော်မူ၍ ဖြင့် အ တိုင်း
မသိရသော တန်ခိုးတော်နှင့် ပြည့်စုံတော် မူပါ၏။ ရှိခိုး
ပူဇော်ခြင်းငှာ ထိုက်တော်မူပါပေ၏။

ဒေအးမြချမ်းသာ၍ ဘေးမရှိသော၊ နိဗ္ဗာန် သို့၊ ပို့
ဆောင်တော်မူတတ်သော၊ ကိုယ်စားတော်စားနှစ်ဆူကို
ကဲ့ရဲ့ခြင်းငှာ မထိုက်လေကုန်၊ ဤစကားတို့သည် မှန်
ပါ၏။ ဤသို့မှန်သောစကားတို့ကို ဆိုရခြင်း ကြောင့်
အရှင်မြတ်နှစ်ဆူသည် အံ့သြ၍ မကုန်နိုင်သော၊ တန်ခိုး
ပြာဋိဟာတို့ကို ပြတော်မူပါစေသတည်း။ ယုံကြည်ခြင်း
မရှိသေးသောသူတို့၏ နှလုံးသားကို ယုံကြည်ခြင်း နှင့်
တကွ၊ ချမ်းမြေ့ခြင်းကို ပြုတော်မူပါစေ သတည်း....”

ဤသို့ကုန်သည်ညီနောင် နှစ်ဦးတို့သည် မှန်ကန်သောစကား
တို့ဖြင့် သစ္စာဆိုကြလေ၏။ ကိုယ်စား တော် မြတ် နှစ်ဆူ တို့
လည်း ဦးခေါင်းတော်၊ ကိုယ်တော်၊ ခြေထောက်တော် တို့ကို
လှုပ်ရှားတော်မူ၍ ကောင်းကင်သို့ တက်ကာ၊ သက် တော်ထင်
ရှား ဘုရားရှင်အလားကဲ့သို့ အလုံးစုံသော လက္ခဏာကြီးငယ်၊
အသွယ်သွယ်တို့ဖြင့် အလှန်တင့်တယ်လှစွာသော ရူပ ကာယ

တော်ကို ဆောင်တော်မူ၍ ခြောက်ရောင်ခြည် ကွန့်မြူး လျက် ထိုမှ ဤမှ စကြ်နံကြွတော်မူပြီးနောက် ထက်ဝယ် ဖွဲ့ခွေ၊ ကောင်း ကင်တွင် တည်နေတော်မူလေ၏။

ထိုစဉ် အရောင့်မျိုးစုံ ယှက်သန်း၍ နေသောအသွယ်အသွယ် သော မရောင်ခြည်တော်တို့ သည် အဆုပ်အဆုပ်၊ အဆိုင်အဆိုင်၊ အခိုင်အခိုင်၊အပြိုင် အပြိုင်ဖြစ်ပေါ်ပြီး ကိုယ်ခတော်တို့မှ အထက် ရပ် ပတ်ဝန်းကျင် ပျံ့နှံ့လျက်ရှိလေ၏။ အာကာသ တခွင်လုံး တွင်ကား အမျိုးမျိုး၊ အဖုံဖုံ၊ ပြောင်းလဲ၍နေသော ရောင်ခြည် တော်တို့၏သတ္တိဖြင့် ဆေးကောင်စုံ ပြောင်းလဲ ချယ်မှုန်း၍ နေ သည့်အလား အထူးထူး အပြားပြား ကွန့်မြူးဖြစ်ပေါ်၍ နေ လေရာ အရှင်နှစ်ပါးတို့ကို ဖူးမြင်ရသူ အပေါင်းတို့သည်အထူး ဘဝင်ကြည်နူးကြလျက် ရွှင်မြူးတက်ကြွ၊ အား ရ ဝမ်း သာ၊ မကြုံစဘူးကြုံရလေသည် တကား၊ မမြင်စဘူး မြင်ရလေ သည် တကား ဟု ကြက်သီးမွေးညှင်းထကာ၊ အကြိမ်ကြိမ် ဦးနှိမ်ချ၍ မရောင့်ရဲနိုင်အောင် ရှိကြလေ၏။

များစွာသော လူအပေါင်းတို့၏ သံပြိုင်ဟစ်ကြွေး၊ကောင်း ချီးပေးကြသော အသံတို့သည်၎င်း၊ နတ်ပြဟ္မာအပေါင်းတို့၏ သာဓုအနုမောဒနာ ပြုကြသောအသံတို့သည်၎င်း ပူဇော်မှုပြု ကြသော လူတို့၏ တူရိယာသံ၊ နတ်ပြဟ္မာတို့၏ တူရိယာသံတို့ သည်၎င်း၊မဟာပထဝီမြေကြီး ထုံဟီးလောက်အောင် ရှိလေ၏။ နတ်ပန်းရနံ့တို့သည်လည်း သင်းပြန့်ကြိုင်လှိုင်၍ နေလေ၏။

မဟိန္ဒ ဒေသစက္က စာတမ်း ကျမ်းကြီး၌

စတု မဟာရာဇိကာ ဒေဝါ၊ တာဝတိံသာစ၊
ယာမာ တုသိတာစ၊အညေဒေဝါ၊ နိမ္မာနရတိ
ဝါသိနော၊ ပရနိမ္မိတ ဝသဝတ္တိ၊ ယေဗြဟ္မာ၊
ပန္နရသိကာ အာနန္ဒိတ္တိ၊ တာနိ ပမုဒိတာနိ ဟုတွာ
နိဃောသံ အကရိံသု၊ တေဒိပ္ပမန္တာ ဝရပုပ္ဖံ၊
ပဒုမံ ပါရိ ဆတ္တကံ၊ ဒိဃောဒိသံ ဝိကရိံသု၊
နဘာဝလာ ဂတာ၊ မရူ သာဓေဗ္ဗဒေဝါ၊ သမာ ဂတွာ၊
ဗုဒ္ဓရူပံ၊ သမ္ပူဇယန္တိ။

ဒွေဗုဒ္ဓရူပါ၊ နှစ်ဆူသော ဘုရားရှင်တို့သည်၊ ဇာဒါ၊ တန်ခိုးပြာဋိဟာ ပြုတော်မူသော ထိုအခါ၌၊စတုမဟာရာဇိကာဒေဝါ၊ စတုမဟာရာဇ် ဘုံ၌ နေကုန်သော နတ်တို့သည်ရင်း။ တာဝတိံသာဒေဝါ၊ တာဝတိံသာ နတ်တို့သည်ရင်း။ ယာမာစ၊ ယာမာ နတ်တို့သည်ရင်း၊တုသိတာစ၊ တုသိတာနတ်တို့သည်ရင်း။အညေ၊ တပါးကုန်သော၊ နိမ္မာရတိ ဝါသိနော၊နိမ္မာနရတိ နတ်ပြည်၌နေကုန်သော နတ်တို့သည်ရင်း၊ ပရနိမ္မိတ ဝသဝတ္တိဒေဝါစ၊ ပရနိမ္မိတဝသဝတ္တိဘုံ၌ နေကုန်သော နတ်တို့သည်ရင်း၊ ပန္နရသိကာ၊ ဗြဟ္မာတဆယ့်ငါးဘုံ၌နေကုန်သော၊ယေဗြဟ္မာစ၊အကြင်ဗြဟ္မာတို့သည်ရင်း။ အတ္တိသန္တိရှိကြကုန်၏။တေစဗြဟ္မာ၊ထိုဗြဟ္မာတို့သည်၊ အာနန္ဒိတ္တိ၊ နှမ်းသက်ကြကုန်၏။ ပမော ဒိ တာ၊ ဝမ်းမြောက်ကုန်သည်၊ ဟုတွာ၊ ဖြစ်ကုန်၍။နိဃောသံ၊ အုတ် အုတ်

ကျက်ကျက်ဖြစ်သောကြွေးကြော်သံကို၊အကာရိ ံသို၊ပြုကြကုန်၏။ နဘာ ဝလာဂတာ၊ ကောင်းကင်ပြင်၌ နေကုန်သော၊ မရှုနတ်တို့သည်၊ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော၊ မန္ဒာဝရ ပုပ္ဖံ၊ မန္ဒာဝရ ပန်းကိုင်၎င်း။ ပဒုမံ၊ ပဒုမ္မာပန်းကို၎င်း။ ပါရိဆတ္တကံ၊ ပင်လယ် ကသစ်ပန်းကို၎င်း။ ဒိသောဒိသံ၊ အထက် အောက် ဟု ဆို အပ်သော အရပ်၌။ ဝိကာရိ ံသို၊ ကြဲခမြှောက်ကြလေကုန်၏။ သဗ္ဗဒေဝ ါ၊ အလုံးစုံသော နတ်အပေါင်းတို့သည်၊ သမာဂ ဟိ္ဂာ၊ အညီအညွတ် လာကုန်၍ ဒွေဗုဒ္ဓရူပံ၊ ဘုရားကိုယ်စား ရုပ်ရှင်တော် နှစ်ပါးကို သမ္ပူဇယန္တိ၊ ကောင်းစွာ ပူဇော်ကြလေကုန်၏။

ထိုသို့အံ့ချီး၍မကုန်နိုင်သော၊တန်ခိုးတော်အစုံအစုံတို့ကို အဓိပစ္စယမင်း မျက်မြင်ကိုယ်တွေ့ ဖူးမြင်ရလေသော် ဖရဏာ ပီတိ ဂွမ်းဆီထိသို့ အကြိမ်ကြိမ် ဦးနှိမ်ချလျက်—

"အစ္ဆတဂ္ဂေ ပါကုပေတံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အစ္ဆတဂ္ဂေ ပါကုပေတံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အစ္ဆတဂ္ဂေ ပါကုပေတံ၊ သံဃံ သရဏံ ဂစ္ဆာမိ။"

ဟု ကြိမ်ဖန် များ စွာ၊ ကျူးရင့်သရဏ္ဍာယ်လျက် အ သက်ထက်ဆုံး သရဏဂုံ တည်ခြင်းအဖြစ်သို့ ရောက်လေ သတည်း။

(ဤကဲ့သို့ ကိုယ်စားတော် နှစ်ဆူတို့သည် ကောင်းကင်၌ တန်ခိုး ပြာဋိဟာ ပြတော်မူကြောင်းကို သိဟိုဠ်ရာဇဝင်၌လည်း လာရှိ၏။)

အဓိပစ္စယဘုရင် မင်းမြတ်သည် ကျေးဇူး ကြီးမား လှသော အစ္ဆိက ဘလ္လိက ကုန်သည်ညီနောင်တို့အား အမတ်ကြီးအရာ

ဖြင့် ကျေးဇူးဆပ်လျက် ၎င်းတို့နှင့် အတူတကွ ဒါနသီလစသော ကုသိုလ်ကောင်းမှုတို့ကို မပြတ်မလတ် ပြုတော်မူလေ၏။

ကုန်သည်ညီနောင်တို့သည် အလှူတင်းကုတ်ခြောက်ဆောင် စီဆောက်လုပ်၍ မင်းနှင့်တကွ ကြီးစွာသော လှူဒါန်း မှုတို့ ကို ပြုလေ၏။ ဤသည့်တို့၏ နောက်ဝယ်၌ကား အဓိပစ္စယ မင်းသည် မိမိ၏ ခမက်တော် ဒဂုန်ဥက္ကလာပမင်းနှင့် အနူး အညွတ် တိုင်ပင်လျက် နောင်တော်ရွှေဘုန်းမြင့်ကို အဇ္ဈိကနှင့်ဥက္ကလာပ မင်းတို့က ဒဂုန်မြို့တွင်း၌ ဝေဇယန္တာ ပြာသာဒ်ဆောက် လုပ်၍ ကိုးကွယ်ပူဇော်ကြ၏။ ဘလ္လိကနှင့် အဓိ ပစ္စ ယ မင်းတို့က ညီတော်ရွှေဘုန်းပွင့်ကို အဓိပစ္စယမြို့၌ ကြီးစွာသော ပြာသာဒ်တန်ဆောင်းကြီး ဆောက် လုပ်၍ ကိုးကွယ်ပူဇော်ကြလေ၏။

အဇ္ဈိက-ဘလ္လိက ကုန်သည်ညီနောင်တို့သည် အသက် ရှစ်ဆယ်တိုင်သော် စုတေကြလေ၏။ စုတေ၍ ခုနစ်ရက်ကြာသော အခါ ကာလ၌ ရှင်ပင်ဘုန်းမြင့် ကိုယ်စားတော် မြတ်ကို သု မန ဘုမ္မစိုးနတ်မင်း ပင့်ဆောင်၍ သေလာဂိရိတောင်၌ ရတနာဖြင့် ပြီးသော၊ ကြီးစွာသော ပြာသာဒ်ကိုဖန်ဆင်း၍ ကိုး ကွယ်၏။ ရှင်ပင်ဘုန်းပွင့် ကိုယ်စားတော်မြတ်ကို ဣန္ဒသာလ ရုက္ခစိုးနတ် မင်း ပင့်ဆောင်၍ နာလာ ဂိရိတောင်၌ ရတနာဖြင့် ပြီး သော တန်ဆောင်းပြာသာဒ်ကြီး ဖန်ဆင်း၍ ကိုးကွယ်လေ၏။

ဤရွှေဘုန်းမြ ၊ ရွှေဘုန်းပွင့်၊ ရုပ်ရှင်တော် နှစ်ဆူတို့၏ [illegible] တော်စဉ်တို့သည် သီဟိုဠ်ရာဇဝင် မဟာဝံသဒေသ ဇက္က ကျမ်းလာတို့ နှင့်တကွ ပြည်မြို့ရာဇဝင် ပညာကျော် သုဒဿန ဆရာတော် ဘုရားကြီး ရေးသားစီရင်တော်မူသော ရွှေဆံတော် သမိုင်းလာ အရတို့ကို မှီငြမ်းပြု၍ ရေးသားခြင်း ဖြစ်ပါသတည်း။

# ကျောင်းဆေးရေး ဘုရားကြီးသမိုင်း

## သရေခေတ္တရာ ခေတ်ဦးပိုင်း၊ သမိုင်းနောက်ခံ သရေခေတ္တရာပြည်ကြီး တည်ထောင်ခြင်း

ဖိုဦးတောင်ထိပ်တွင် ဘုရားရှင်ဗျာဒိတ်ခတ်နှိပ်သည်နှင့်အညီ မျက်စိသုံးခု အတုမဲ့ရှောင်၊ ဒွတ္တဘောင် မင်းကြီး သည် ဂဝံပတေ့, ရသေ့, သိကြား,နဂါး, ဂဠုန်,စန္ဒီ, ပရမိသွရတည်း ဟူသော သူမြတ်ခုနစ်ဖေါ် တို့၏ မ,စ ကူညီမှုဖြင့် သာသနာ သက္ကရာဇ် (၁၀၁)ခုနှစ်၊ တန်ခူးလဆန်း(၁)ရက် တနင်္ဂနွေနေ့၊ နက္ခတ် (၂၆)လုံး၊ နေထွက် တပြု အချိန် တွင် သိကြား မင်းသည် စက်တိုင်၌ရပ်လျက် နဂါးကိုစက်ကြိုးပြု၍ လှည့်တော်မူရာ နဂါးစက်ကြိုး လှည့်လည်ရာ၌ အချင်း အား ဖြင့် တယူဇနာ၊ အဝန်းအားဖြင့်၊ သုံးယူဇနာရှိ၍ တံခါးကြီး (၃၂) တံခါး၊ တံခါးငယ် (၃၂) တံခါး၊ ကျုံး၊မြောင်း၊ ပစ္စင်၊ ရင်လျှောက်၊ တန်ဆောင်း၊ ပြအိုးစသော မြို့အင်္ဂါခုနစ်ပါးနှင့် ထူးဆန်းတင့် တယ်လှစွာသော သရေခေတ္တရာမြို့တော်ကြီးကို ခုနစ် ရက် ဖြင့် အပြီးတိုင် တည်ထောင်တော်မူကြောင်း၊ ညောင်ရမ်း ဆယ်ဆက် တွင် သူကြွယ်သား ဦးကုလား၏ မဟာရာဇဝင်တော်ကြီးနှင့်

မှန်နန်း ရာဇဝင်တော်ကြီးတို့တွင် ဖော်ပြထားလေသည်။ ပလိပ်စား ချောင်းတွင်လည်း

"ထိပ်ပြင်ဖို့ဦး၊ စက်ကွန့်မြူး၍၊
မိန့်ဘူးရွှေနွတ်၊ မှန်တသုတ်ကြောင့်၊
ဂါဝုတ်ခလေးပြန့်၊ ဘူမိကြန့်ထက်၊
သူမှန်သိကြွား၊ ခုနစ်ပါးတို့၊
ဝန်းလျှားမှစ၊ သုံးဌာနကို၊
သတ္တရက်ကြာ၊ တည်၍သာလျှင်၊
ကောဇာတက်လူ၊ ရာ့တခုတွင်၊
ဇမ္ဗူ့တန်ဆောင်၊ ဒ္ဒတ္တဘောင်အား၊
ရန်အောင်စိမ့်ကြောင်း၊ ဘိသိက် လောင်းပြီး၊
ရိုက်ညောင်းထစ်ချုန်း၊ မိုးသံအုံးသို့...."

ဟူ၍ သရေခေတ္တရာမြို့ကြီး တည်ထောင် ပုံကို စပ်ဆို ထားလေသည်။

အချို့က၊ သရေခေတ္တရာမြို့ တည် ပုံနှင့် စပ်လျဉ်း၍ သားရေတချပ်ကိုနန်းဆွဲ၍ နန်းကြိုး၏ အကျယ်အဝန်း ပမာဏအတိုင်း မြို့တည်ကြောင်း ပြောဆိုကြလေသည်။ သမိုင်း ပညာ ရှင် များ အားထားကြသည့် ရာဇဝင်ကျမ်းများနှင့် ရှေးဟောင်း သမိုင်း စာမူ၊ ပေမူများတွင်မူ ဤအချက်ကို အရိပ် အမြွက်မျှ မတွေ့ရှိရချေ။ ရာဇဝင်ကြီးများတွင် ဖော်ပြကြသည့် သရေခေတ္တရာမြို့ တည်စဉ်က သိကြားမင်း၊ စက်တိုင်ကိုင်သည့် နေရာတွင် တည်ထားသည်ဟု ဆိုကြသော စက်တောင် ဘုရားကို မှော်ဇာ မြို့

ကျောက်ကာ သိမ်ကုန်းကျောင်းတိုက် အနီးတွင် ယခုတိုင်ဖူးမြင်တွေ့ရှိနိုင်လေသည်။ (ဤကား စကား ချပ်တို့ပေ တည်း။)

## သရေခေတ္တရာ သို့မဟုတ် ရသေ့မြို့ဟု ခေါ်တွင်ခြင်းအကြောင်း။

သရေခေတ္တရာဟု ခေါ်ဆိုခြင်းအကြောင်းကား ရှေးဆံတော်ဘုရားသမိုင်းဟောင်းတို့တွင်—

"သိရိခေတ္တ တပဿ
ဝသနဋ္ဌာနံ သိရိခေတ္တရံ"

ယံဋ္ဌာနံ၊အကြင်အရပ်သည်၊ သိရိခေတ္တရတပဿ၊သိရိခေတ္တရရသေ့၏၊ ဝသနဋ္ဌာနံ၊ နေရာ အရပ်သည်၊ ဟောတိ၊ ဖြစ် ၏။ ဣတိတသ္မာ၊ ထိုသို့သိရိခေတ္တရ ရသေ့၏နေရာဖြစ်သော ကြောင့်၊ တံဋ္ဌာနံ၊ ထိုအရပ်သည်၊ သိရိခေတ္တရံ၊ သိရိခေတ္တရမည်၏ (ပါ) သရေခေတ္တရာမည်၏။

သိရိခေတ္တရ ရသေ့၏ နေရာအရပ် ဖြစ်သောကြောင့် ယင်းရသေ့ကို ပုဂ္ဂိုလ်အရ အစွဲပြု၍ သိရိခေတ္တရာ၊ သို့မဟုတ် သရေခေတ္တရာဟု ဆိုခြင်းဖြစ်လေသည်။ သိရိခေတ္တရာနှင့် သရေခေတ္တရာမှာ အနက်တူပင်ဖြစ်၏။

သိရိခေတ္တရ ရသေ့ကား နဝဝေါသိပြည်မြို့ကို လက် မှန်မဆွတည်ထောင်ခဲ့သည့် သိရိခေတ္တရ မင်းအဖြစ်မှ ထိုမင်းဆက်တို့၏ အစဉ်အလာအရ သက်ရှယ်ကြီးရင့် သံဝေဂရရှိ၍ တောထွက်လာခဲ့သော ရသေ့ကြီး ဖြစ်လေသည်။ နှစ်ပေါင်းသော ရသေ့

တို့၏ ဦးစီးဦးခိုင်၊ တန်ခိုးကြီးလှသော ရသေ့ကြီး ပေတည်း။ ယင်းရသေ့ကြီး၏ အကြောင်းအရာကို သမိုင်း တနေရာ တွင် ဖော်ပြထားပါသည်။

ပုဂံခေတ်ထိုး ကျန်စစ်သား၏ ပြည် ရွှေဆံ တော် ဘုရား မှန်ကျောက်စာတွင် "သီရိခေတ္တရာ" ဝေါဟာရကို "ဂြိဳဟ်ကျွတ်" (အသံထွက် ရှရိ ယှက်တရ)ဟူ၍ အပြည့်အစုံ ရေးထိုးထားသည် ကိုတွေ့ရှိရပါသည်။အဓိပ္ပါယ်ကား ကြက်သရေ မင်္ဂလာအပေါင်း နှင့် ပြည့်စုံသော ဌာနီဖြစ်ပါသည်။

ရသေ့မြို့ဟု ခေါ်တွင်ခြင်း အကြောင်းကား
"ဣသိနံ နိဝါသံ ဣသိနဂရံ"

ယာဌာနဇာတိ၊ အကြင်အရပ်သည်၊ဣသိနံ၊ ရသေ့ တို့ ၏၊ နိဝါသံ၊ နေရာသည်၊ ဟောတိဖြစ်၏။ဣတိတသ္မာ၊ ထိုသို့ရသေ့ တို့၏ နေရာဖြစ်ခြင်းကြောင့်၊ သာဌာနဇာတိ၊ ထိုအရပ် သည်။ ဣသိနဂရံ၊ ဣသိနဂရမည်၏။ (ဝါ) ရသေ့မြို့မည်၏။

အထက်တွင်ဖော်ပြခဲ့သည့် သီရိခေတ္တရ ရသေ့ နှင့် တကွ တပည့်အပေါင်း၊ ရသေ့နှစ်သောင်းတို့၏ နေ့ ထိုင် ရာ မြို့ ဖြစ် သောကြောင့် ရသေ့များနေသည်ကို အစွဲပြု၍ "ဣသိနဂရ" သို့ မဟုတ် "ရသေ့မြို့" ဟု ခေါ်တွင်ခြင်းဖြစ်လေသည်။

## ဒွတ္တဘောင်မင်းကြီး၏ မိဖုရားနှင့် သားတော် သမီးတော်များ

ဒွတ္တဘောင်မင်းကြီး၏ မိဖုရားများ သား တော် သမီး တော် များနှင့် စပ်လျဉ်း၍ သုံးမြို့ဝန်မင်းကြီး မဟာမင်းလှ မင်းခေါင်

ဦးမေဓါ ရေးသားစီရင်သော ရွှေဆံတော် သမိုင်း ဓပ မူ တွင် ဤသို့ဖေါ်ပြထား၏။

.... ဒွတ္တဘောင်မင်းကြီး၏ မိဖုရားလေးပါး ကား၊ မဟာသမ္ဘဝ မင်း၏ မိဖုရား၊ မာလာ စန္ဒီ၏ သမီးတော် တောင်နန်းစံ သီရိစန္ဒာဒေဝီ။ မာလာစန္ဒီ၏ မောင်တော်၊ ကန္ဒဒေဝ အမည် ရှိသော ယောက်ဖတော် ပျူ မင်း သား၏ သမီးတော် မြောက်နန်းစံ ဥမ္မာရ ဒေဝီ။ ဧရာပတ္တ နဂါး မင်း၏ မြေးတော် အနောက် နန်းစံ ဘောစန္ဒီ။ အလယ် နန်းစံ ပိုဿနိုး မင်း သမီး တို့ ဖြစ်လေသည်။ သားတော် သမီး တော် များ ကား သီရိစန္ဒာ ဒေဝီမှ၊ သား တော် ဒွတ္တရန်။ ဥမ္မာရ ဒေဝီ မိဖုရားမှ သား တော် ဒွတ္တဇာ။ ပိုဿနိုး မိဖုရားမှ၊ သားတော် ဒွတ္တရာဇ်။ ဘောစန္ဒီ မိဖုရားမှ၊ သမီးတော် သုဝဏ္ဏမာလာ၊ ကဥ္စနမာလာ၊ ဟေမမာလာ၊ သီရိမာလာတို့ဖြစ်၍ သားတော်သုံးယောက် သမီးတော်လေးယောက်၊ ထွန်းကားတော်မူလေသည်။

ဒွတ္တဘောင်မင်းကြီးသည် သားတော်ဒွတ္တရန်ကို အိမ် ရှေ့ အရာနှင်း၍ သမီးတော်လေးပါးနှင့် စုလျားရစ်ပတ် လက် ထပ် ပေးလေသည်။ သားတော် ဒွတ္တဇာ မင်းသားကား ပါရမီရင့်သန် သူဖြစ်သည့်အား လျော်စွာ လောကီအာရုံ၊ ကာမဂုဏ် တို့ ကို ကြောက်လန့်ခြင်း ကြီးစွာဖြင့် အရှင်ဓမ္မရက္ခိတမထေရ်၏ တေမိ ယဇာတ်တော်ကို ကြားနာရပြီးနောက် လူပျိုတော် တ ယောင် နှင့် ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူလေသည်။အရှင်စန္ဒသီရိဟု ဘွဲ့တော်တွင်၏။

ဒွတ္တရစ်မင်းသားသည်လည်း အရှင်စန္ဒမထေရ်၏ အနမတဂ္ဂသုတ္တန် ဒေသနာတော်ကို ကြားနာရပြီးနောက် ဒွတ္တဇ မင်းသားကဲ့သို့ပင် လောကီအာရုံ ကာမဂုဏ်တို့ကို စက်ဆုပ်သဖြင့် အခြေအရံ၊ လူပျိုတထောင်နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူလေသည်။အရှင်စန္ဒာဂရာဇ်ဟူ၍ဘွဲ့တော်တွင်လေ၏။ဒွတ္တဇ မင်းသားနှင့်၊ ဒွတ္တရစ် မင်းသားတို့ကား အတိတ် ဘဝက၊ "အဇ္ဇဝိက-ဘလ္လဝိက" ကုန်သည် ညီနောင်တို့ဖြစ်ခဲ့ဘူးလေသည်။

## ထွန်းတောက်ပေဖြာ—
## သရေခေတ္တရာ သာသနာ

ဒွတ္တဘောင်မင်းကြီးသည် သာသနာတော်အကျိုး (ထေရဝါဒ ဗုဒ္ဓသာသနာ) ကို ဆောင်ရွက်တော်မူရာဝယ် ဘုရားကိုးဆူ သိမ်ကိုးသိမ်။ ကန်ကိုးကန်၊ ဥမင်ကိုးခု၊ တောင်ယံ ကိုးလုံးတို့နှင့် စေတီပုထိုး ဂူကျောင်းဗိမာန် များစွာတို့ကို တည် ထားတော်မူလေသည်။

ဒွတ္တဘောင်မင်းကြီး လက်ယက်တွင် ထွန်းတောက် သောသာသနာတော်ကား လယ်ကိုင်း သာသနာမှ ဆက်နွယ်ပြန့်ပြောသော သာသနာတော် ဖြစ်ကြောင်း၊ ဣသျှ ဂူမော်ကွန်းတွင်။

"သုနာပရန္တ၊ ရှင်ပုဏ္ဏ၏၊
သာဝကဂိုဏ်း၊ ဂိုဏ်းကြီးလှိုင်းလျက်၊
လယ်ကိုင်းသာသနာ၊ သမုဒ္ဒရာရေဆုံး၊
မိုးလုံးစက်ရိပ်၊ နှစ်ထပ်နှိပ်၍၊

တမ္ပဒိပ်တိုင်းထောင်၊ ဒွတ္တဘောင်လျှင်၊
မာန်အောင်မင်္ဂလာ၊ သောကြာမာနှင့်၊
မြင်ဗါဟုမည်၊ ညီညီဘုရား၊
ထောင်ပွားရဟန္တာ၊ လျှာဖြာဖိတ်စီး၊
တိုင်းလုံးငြီးမျှ....” ဟူ၍ စပ်ဆိုထားလေသည်။

မှန်နန်းရာဇဝင်တော်ကြီး တွင်လည်း ဒွတ္တဘောင် မင်းကြီးသည် ရဟန္တာအရှင်မြတ် သုံးထောင်တို့ကို ပစ္စည်းလေးပါး ဒါယကာပြု၍ ချီးမြှောက်တော်မူကြောင်း ဖေါ်ပြထားလေသည်။ ရဟန္တာသိမ်ဟု ဆိုကြသော သိမ်တော်ကြီးများကို ယခု အခါ ပြည်မြို့တဝိုက် မှော်ဇာတဝိုက်နှင့် ညောင်ပင်ဆိပ် ရွာတွင် တွေ့ရှိနိုင်လေသည်။

ရဟန္တာကန်ဟု ခေါ်ဆိုကြသော ရှေးခေတ်ကန်ဟောင်းကြီးကိုလည်း၊ ဘောဘောကြီး ဘုရားအနီးတွင် တွေ့ရှိနိုင်လေသည်။ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့်ဝိုင်းရံလျက်ရှိသည်။လွန်ခဲ့သည့် (၁၂) နှစ်ကျော်ကာလ၊ စာရေးသူတို့ ရောက်ရှိစဉ်က ကန်ဘောင်ရိုး၊ အချို့နေရာတို့တွင် ရဟန္တာအရှင်မြတ်တို့ ရေသန့်စင်ရာ၊ ဌာနဟု ထင် မြင် ယူဆဘွယ်ရှိသော သရေခေတ္တရာခေတ်၊ အုတ်ကြီးများဖြင့် ပြုလုပ်ထားသည့် အုတ်ခုံပျက်ကြီးများကို တွေ့ ရှိ ခဲ့ရသည်။ ထိုကန်ကြီးသည် မည် သည့် အချိန် အခါမျှ ရေ ခမ်းခြောက်ခြင်းမရှိ၊ ယနေ့တိုင် ကြည်လင်စိမ်းလဲ့သော ရေ အယဉ်ဖြင့် ဆောင်း- နွေ-မိုး၊ ဥတုသုံးပါးလုံးပင် သာယာ ကြည်နူးဘွယ်ကို ဆောင်လျက်ပင် ရှိပါသေးသည်။

ဗုဒ္ဓဘာသာဝင် သူတော်စဉ်များအဖို့ ဤရဟန္တာ ကန်သာယာသို့ ရောက်ရှိပါမူ သုပ္ပဋိပ္ပန္န၊ ဂုဏ်ပေါင်းခသည့် ရဟန္တာ

အရှင်မြတ်တို့အား ရည်ရော်မှန်းဆကာ သရေခေတ္တရာ၊ သာသနာတော်ကြီး၏ ရှေးခေတ်ဟောင်းကို အောင်းမေ့ လွမ်းဆွတ်ဖွယ်ရာ ဌာနကြီးတခု ဖြစ်လေသည်။

ထို့ပြင်သမိုင်းအခေါ် "ပေါပေါဘုရား"။ ယခု အခေါ် "ဘောဘောကြီးဘုရား" သမိုင်းအခေါ် "သရမာဘုရား" ယခုအခေါ် "ဘုရားမာဘုရား"။ သမိုင်းတွင် မည်သို့ ခေါ် သည် မသိရသော ယခုအခေါ် "ဘုရားကြီးဘုရား"၊ ဤ ဘုရား ကြီးသုံးဆူတို့သည်ကား သရေခေတ္တရာ မြို့ဟောင်းကြီး၏ ဒေါင့်တို့တွင် သရေခေတ္တရာ ခေတ်၏ သမိုင်းမှတ်တိုင်ကြီးများ အဖြစ် ယခုတိုင် နှိုင်းမူလ ပုံသဏ္ဌာန်လက်ရာ မပျက်သေးပဲ ထင်ရှားစွာ တည်ရှိနေတော်မူပါသေးသည်။

## ဒွတ္တဘောင်မင်းကြီး အုပ်ချုပ်မှု စီမံခန့်ခွဲတော်မူခြင်း။

သုဒဿနဆရာတော်ဘုရား ရေးသား သော ရွှေ ဆံ တော်ဘုရားသမိုင်း၌ပင် ဒွတ္တဘောင်မင်းသည် သရေ ခေတ္တ ရာ ပြည်ကြီးကို ပြီးပြည့်စုံစွာ တည်ထောင်ပြီးသည့် အခါသမယ၊ နောက်ကာလဝယ်၊ သားတော်အိမ်ရှေ့မင်းသား ဒွတ္တာရန်အား မြန်မာလူမျိုးတို့ကို အုပ်ချုပ်စေ၏။ ဦးလေးတော် စူဠာ သမ္ဘဝမင်း၏ မိဖုရားငယ် စန္ဒာဒေဝီ၏သား၊ ညီတော် ဣန္ဒဒေဝမင်းသားအား ကမ်းယံ လူမျိုးတို့ကို အုပ်ချုပ်စေ၏။ မြောက် နန်း မ တော် ဥမ္မာရဒေဝီမိဖုရား၏ မောင်တော် ယောက်ဖတော် နန္ဒသူရိယ

မင်းသားအား နဝဝါသီ ပြည်မြို့ ပျူလူမျိုးတို့ ကို အုပ် ချုပ်စေ၏။ ယောက်ဖတော်မင်းသားလည်း ဒွတ္တဘောင်မင်းကြီး၏ အမိန့်တော်ကိုကျိုးနွံစွာနာခံ၍ နဝဝါသီ ပြည်မြို့တွင် မင်းပြုလေ၏။

## နဝဝါသီဟု ခေါ်တွင်ခြင်းအကြောင်း

'နဝဝါသီ' ဟုခေါ်တွင်ခြင်း အကြောင်းကား။ မြတ်စွာဘုရားသခင်သည် ဖိုဦးတောင်သို့ ကြွရောက်ပြီးနောက်(၁၂)နှစ်ကြာလတ်သောအခါတွင် ဝေဠုဒီပတိုင်း ဝေဠုဒီပ မင်းသား၏သား၊ သီရိခေတ္တရမည်သောမင်းသားသည် အမတ်ပုန်ကန်သောကြောင့် ခုနစ်သောင်းသော ဗိုလ်ပါတို့နှင့်တကွ ဧရာ ဝတီမြစ်အနီး၊ လယ်၊ ယာ၊ကန်၊ ချောင်း၊ အင်းအိုင်၊ ထုံးမြောင်းတို့နှင့်ပြည့်စုံသောနေရာ (ယခုပြည်မြို့) ကို ရွေးချယ်၍ ထိုနေရာ သစ်တွင် တောတောင်ချုံပိတ်ပေါင်းတို့ကို ရှင်းလင်းသုတ်သင်လျက်မြို့သစ်တည်ထောင်ထီးနန်းစိုက်ထူခဲ့လေသည်။ယင်းသို့နေရာအသစ်ကို အစွဲပြု၍ "နဝါ ဝါသီ-နဝ ဝါသီ"၊ နဝါ၊အသစ်ဖြစ် သော၊ ဝါသီနေရာတည်း။ နဝဝါသီ အသစ်ဖြစ်သော နေရာ ပေတည်းဟု၊ သမိုင်းတွင် ဖော်ပြထားလေသည်။

## ပြည်မြို့ဟု ခေါ်တွင်ခြင်းအကြောင်း

ပြည်မြို့ဟု ခေါ်တွင်ခြင်းအကြောင်းကား၊အလ္လကပ္ပတိုင်း၊ အလ္လကပ္ပမင်းသားသည်လည်း သီရိခေတ္တရ မင်းသား ကဲ့သို့ပင် အမတ်ပုန်ကန်သဖြင့် အလွန်ချစ်ခင် ရင်းနှီး လေးစား လှသော

အကြည်တော် နပဝ ါသီမြို့ သိရိခေတ္တရမင်းထံသို့ နောက် လိုက်နောက်ပါ လေးသောင်းတို့နှင့်တကွ လာရောက် လေ၏။ သိရိခေတ္တရမင်းသည်း ကြိုဆိုခေါ်ဆောင်၍ အလွှကပ္ပမင်းသား အား စစ်သူကြီးအရာ ချီးမြှောက်လျက် နှစ်တိုင်းနှစ်ပြည်သား တို့သည်လည်းတသားတည်းသော သိတာရေစင်ကဲ့သို့ ပူးပေါင်း ညီညွတ်ကြကုန်၏။အေးချမ်းပြေလည်စွာ နေထိုင်လျက်ရှိကြ၏။

ထိုသို့နှစ်ပြည်ထောင် ပူးပေါင်းကာ၊ အစဉ်သဖြင့်အေးငြိမ်း သာယာ ရန်ပြေမှုရှိခြင်း၊ မိမိတို့ စွန့်လွှတ်ခဲ့သော တိုင်းပြည် ဟောင်းတို့၏ရန်မှလည်း ပြေငြိမ်းခြင်း ယင်းသို့ အရာရာ ပြေ လည်၍ရန်ပြေသောဌာနဖြစ်သည်ကို အစွဲပြု၍ "ပြေမြို့" ထိုမှ ရွေ့လျော၍"ပြည်မြို့" ဟု ခေါ်တွင် ကြောင်း သမိုင်းတွင် ပေါ်ပြတားလေသည်။

သို့ဖြစ်၍ "နပဝါသီ" သို့မဟုတ် "ပြည်မြို့" ဟူသောအမည် တို့သည် ယခုပြည်မြို့၏ အမည်များဖြစ်လေသည်။

## ရှင်ပင်ဘုန်းမြင့်ရှင်ပင်ဘုန်းပွင့်ရှပ်ရှင်တော်နှစ်ဆူ သရေခေတ္တရာသို့ ရောက်ရှိတော်မူခြင်း၊

တရံရောအခါဒွတ္တဘောင် ကြီးသည့် ဆွေတော် မျိုးတော် များနှင့် နန်းရင်ပြင်၌ ခံစားနေစဉ် သားတော်များဖြစ်ကြသော အရှင်စန္ဒာသီရိ အရှင်စန္ဒာဂရာဇ် ရဟန္တာ အရှင်နှစ်ပါးတို့သည် မိမိတို့၏ ဘဝဟောင်းဖြစ်သော အဇ္ဈိက—ဘလ္လိက၊ ကုန်သည် ညီနောင်ဘဝက သိကြားမင်းပေးအပ်သော ရှင်ပင် ဘုန်း မြင့် ရှင်ပင်ဘုန်းပွင့်ညီတော်နောင်တော်ရှပ်ရှင်တော်နှစ်ဆူတို့ကိုသုမန

ဘုမ္မိစိုးနတ်မင်းနှင့် ဂူန္ဒာသာလ၊ ရုက္ခစိုးနတ်မင်းတို့ထံမှ တန်ခိုးတော်ဖြင့် ပင့်ဆောင်၍ မင်းကြီးအား ဖူးမြော်စေ၏။ မင်းကြီးလည်း ကြီးစွာသော အံ့သြခြင်းဖြင့် "အရှင် နှစ်ပါး တို့ သည် ဘယ်အချိန်၊ ဘယ်အခါက ပင့်ဆောင်တော် မူပါသနည်း" ဟု လျှောက်ထား၏။ "ခမည်းတော်မင်းကြီးနှင့် စကားပြောနေစဉ် ဆောင် ယူသည်"ဟု မိန့်တော်မူ၏။မင်းကြီးက၊ "အရှင်ဘုရားတို့ အံ့သြဘွယ် ကောင်းလေစွ တကား" ဟု လျှောက်ထား တော်မူလေ၏။

ထိုအခါ သားတော်တို့က "ခမည်းတော်မင်းကြီး ငါတို့သည် အလိုရှိလတ်သော် အထက်ဘဝဂ်သို့ပင် လျင်မြန်စွာသွားနိုင်၏" ဟု မိန့် တော် မူ၏။ ထို့နောက် ရဟန္တာ အရှင် နှစ်ပါးတို့သည် စတုတ္ထစျာန်ဝင်စားတော်မူ၍ ကိုယ်စားတော်မြတ် ရုပ်ရှင်တော် နှစ်ဆူတို့အား ဤသို့ လျှောက်ထားလေ၏။ "သုံးလူ့ ထွတ်တင် ဘုရားရှင်၏ ကိုယ်စားတော်မြတ် အရှင်နှစ်ပါးတို့ဘုရား....တပည့်တော်တို့သည် အရှင်နှစ်ဆူတို့အား ယခုအခါ ပြန်လည် ဖူးမြင်ရပြီဖြစ်ပါ၍ ကြည်ညို ပြင်းလှန်၊ အရှင်မှန်တို့အား ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာ ရှိခိုးပါ၏။

မိဘတို့နှင့် ကာလရှည်စွာ မမြင်ရ၊မတွေ့ရသော သားသမီးတို့သည် ရောက်ရှိလတ်သော မိဘ တို့ ကို မြင်တွေ့ရတိသကဲ့သို့—အလွန်နှစ်သိမ့်ကြည်နူး၊အတိုင်းမသိ ဝမ်းမြောက်ခြင်းဖြင့် ပူဇော်ကန်တော့ပါ၏ဘုရား၊ တပည့်တော်တို့သည် အဇ္ဈိက-ဘာလ္လိက ကုန်သည် ညီနောင်ဘဝ စကင်ဖူးမြင်ရသည့်အခါမှ စ၍ အရှင် နှစ်ဆူတို့အား ယုံ ကြည် ကိုး စား အားထား ကြ ပါ ကုန်သည်

ဘုရား-”ဟု လျှောက်ထားခိုက် ကိုယ်စားတော်နှစ်ဆူတို့သည် ဦးခေါင်းတော်ကို လှုပ်ရှား၊ မားမားပြု၍ ကောင်းကင်သို့တက်ပြီး စကြာကြွတော်မူ၏။

ဖြူ၊ နီ၊ ညို၊ ပြာ၊ အဖြာဖြာ သော ခြောက် သွယ် သော ရောင်ခြည်တော်တို့သည်အရှင်နှစ်ဆူတို့မှ တလျှပ်လျှပ်တဖိတ်ဖိတ် တရိပ်ရိပ် ကွန့်မြူးယှက်သန်းလျက် သရေ ခေတ္တရာမြို့ တောကြီးတွင် (၇)ရက် ပတ်လုံး အံ့ဘွယ်ဘနန်း၊ တန်ခိုး ပြတော်မူ၏။ ထိုအခါ မျှားစွာသော နတ်ပြဟ္မာ အပေါင်းတို့ သည် သောင်းသောင်းဖြဖြ ပူဇော်ခြင်းငှာ လာရောက်ကြကုန်၏။သရေခေတ္တရာမြို့တော်ကြီး ဘခုလုံးနှင့် ပတ်ဝန်းကျင်တို့တွင် လျှုဒါန်းပူဇော်ကြသော နတ်ပန်းရနံ့တို့ဖြင့် သင်းပျံ့ မွှေးထုံလျက် ရှိလေသည်။

ဒုတ္တဘောင်မင်းကြီးနှင့်တကွ မင်းမိဖုရား မှူးမတ်ဗိုလ်ပါ အစဖြာသော တိုင်းသူပြည်သားတို့သည်လည်း အုံးအုံးကျက်ကျက် ချီးမွမ်း၍ ပဆုံး၊ အံ့သြ၍ မကုန်နိုင်အောင် ပီတိဟုကြီးမားစွာဖြင့် အထူးထူးသော ပူဇော်မှုတို့ဖြင့် ပူဇော်ကြကုန်၏။ ခုနစ်ရက်မြောက်လတ်သော်....တောင်နန်းမတော် သီရိစန္ဒာ မိဖုရားသည် မြို့၏ အလယ် ရွှေနန်းဦးစေတီအနီး၌ ရတနာအမျိုးမျိုးတို့ဖြင့် ချယ်လှယ်ထားသော စေတီပြာသာဒ်ကြီး ဆောက်လုပ်၍ နောင်တော် ရှင်ပင်ဘုန်းမြင့်ကို ကိုးကွယ် ပူဇော်လေသည်။ ညီတော် ရှင်ပင်ဘုန်းပွင့်ကိုလည်း နောင်တော်၏အနီးတွင် ပိဿနိုးမိဖုရားက အဆန်းတကြယ် စေတီ ပြာသာဒ်ကြီး ဆောက်လုပ်၍ ကိုးကွယ်၏။

ဤသို့ဖြင့်- ရှင်ပင်ဘုန်းမြင့်၊ ရှင်ပင်ဘုန်းပွင့် ရုပ်ရှင်တော် နှစ်ဆူတို့သည် သရေခေတ္တရာပြည်၌ ထင်ရှားစွာ ပေါ်ပေါက်တော်မူခဲ့လေသတည်း။

## ကျောင်းဆေးရေး ဘုရားကြီး၏ သမိုင်းအစ

**ရုပ်ရှင်တော်နှစ်ဆူ နဝဝါသီပြည်မြို့သို့ရောက်ရှိတော်မူခြင်း နှင့် ကျောင်းဆေးရေးဘုရားကြီးတွင် ကိန်းဝပ်တော်မူခြင်း။**

အခါတပါးသော် သားတော်အရှင်စန္ဒာသီရိ ရဟန္တာ အရှင်မြတ်သည် ရဟန္တာတို့၏ အနာဂတံသ ဉာဏ်ဖြင့် သာသနာတော်အတွက် အနာဂတ်ရေးကို ဆင် ခြင် တော် မူ လတ် သော် သရေခေတ္တရာမြို့ကြီးတွင် နန်းစဉ် ကိုးကွယ် ပူဇော်ထားသော ‘ရှင်ပင်ဘုန်းမြင့်-ရှင်ပင်ဘုန်းပွင့်’ ရုပ်ရှင်တော် ညီနောင် နှစ်ဆူတို့သည် သရေ ခေတ္တရာမြို့တော်ကြီး၌ သာ သ နာ (၅၀၀၀) ကုန် ဆုံး သည့်တိုင်အောင် တည်လတံ့ ဟု မြင်တော်မမူ၍ ဤအကြောင်းကို ဒုတ္တဘောင်မင်းကြီးအား မိန့်ကြားတော်မူ၏။

ဒုတ္တဘောင်မင်းကြီးသည် အရှင်၏ ဆန္ဒတော်အတိုင်း အနာဂတ် သာသနာတော်ရေးကို ရှေးရှု၍ ယောက်ဖတော် စန္ဒသူရိယ မင်းသားအား အရှင် နှစ်ဆူကို နဝဝါသီပြည်မြို့သို့ ပင့်ဆောင်စေလေသည်။ ယောက်ဖတော်လည်း ရှစ်ဆောင်သော ပြာသာဒ်တို့ကို ဆောက်လုပ်၍ ရုပ်ရှင်တော်နှစ်ဆူကို သရေခေတ္တရာမြို့ကြီးမှ နဝဝါသီပြည်မြို့သို့ ကြီးစွာသော အခမ်းအနားဖြင့် ပင့်

ဆောင် ကိုးကွယ်လေ၏။ အရှင်နှစ်ဆူတို့သည် နဝ ဝါသိပြည်မြို့သို့ ရောက်ရှိတော်မူသောအခါ ထန်းခုနစ်ဆင့်မြင့်သော ကောင်းကင်၌ သက်တော်ထင်ရှား မြတ်စွာဘုရား၏ သဏ္ဌာန်ဖြင့် တန်ခိုးတော် ပြတော်မူလေ၏။

ရုပ်ရှင်တော် နှစ်ဆူကို ရံခါ ရံခါ အတွင်း ရွှေဂူ၊ ပြင်ရွှေဂူ ဘုရားတွင်၎င်း၊ ရံခါ ရံခါ မြင်မိ ရွှေဂူ ဘုရားတွင်၎င်း၊ ရံခါ ရံခါ ကျောင်းကြီးဘုရား၊ ကျောင်းငယ်ဘုရားတို့တွင်၎င်း၊ရံခါ ရံခါ ကျောင်းဆေးရေး ဘုရားတွင်၎င်း၊ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူလေရာ လူနတ် ပြဟ္မာတို့သည် အထူး ထူး သော ပူဇော်မှုတို့ကို ပြုကြလေကုန်၏။

ကျောင်းဆေးရေး ဘုရား၏ ဘွဲ့တော်နှင့် ဖြစ်စဉ်တော်ကို ဤမျှပင် စတင်၍ တွေ့ရှိရလေသည်။ ထိုထက်စော၍ကား မတွေ့ရှိရပါလေ။ သို့ဖြစ်ရကား ကျောင်းဆေးရေး ဘုရားကြီးကို ဒွတ္တ ဘောင်မင်းကြီးလက်ထက် ယောက်ဖတော် စန္ဒသူရိယမင်း စတင်တည်ထားသည်ဟု ယူဆဘွယ်ရာရှိရာ ကျောင်းဆေးရေး ဘုရားကြီး၏ သမိုင်းစဉ်သည် သမိုင်းဟောင်းအရသော် သရေခေတ္တရာ ခေတ်ဦးပိုင်းမှ စတင် မြစ်ဖျား ခံခဲ့လေသတည်း။

မှတ်ချက်။ ။ ရုပ်ရှင်တော် နှစ်ဆူကို ပြည်မြို့မှ အရပ်တပါးသို့ ပင့် ဆောင် ကိုး ကွယ် ပူဇော်လိုသော်.... (၇)လ မပြည့်မီသာ ကိုးကွယ်ပူဇော်ရ၏။ (၇)လ ပြည့်လျှင် ပြည်မြို့သို့ ပြန်လည် ပို့ရသည်၊ မပို့သော် တစုံတရာ ဖြစ်တတ်သည် ဟူ၍ လည်း သ မိုင်း တွင် ဖေါ်ပြထားလေသည်။

## ပုဂံခေတ်ဦးပိုင်း
## သီဟသူမင်း ထပ်မံအသစ်ပြန်လည်တည်ထားခြင်း

နတ်ပြည်ဘုံမျှ သာယာ တင့်တယ်လှ၍ မြင့်မား ဆန်းကြယ် အံ့ဘွယ်သော မြို့ရိုး တံတိုင်းကြီးတို့ဖြင့် ကာကွယ် ဝန်းရံထား သော ဒွတ္တဘောင်မင်းကြီး စတင် တည်ထောင် တော် မူခဲ့သည့် သာရေခေတ္တရာမြို့ကြီးသည် မဟာသမ္မတမင်းမှ စ၍ ရေတွက်သော် (၂၇)ဆက်မြောက်ဖြစ်သော "သုပညာနဂရဆိန္န" မင်း လက် ထက် သက္ကရာဇ်တို (၁၆)ခုနှစ်တွင် မ ရှောင် ကွင်း နိုင် သော လောကဓံတရားနှင့် မင်းမှ စ၍ တိုင်းသူပြည်သားတို့ စည်းလုံး ညီညွတ်မှု ပျက်ပြားခြင်း၊ အကျင့်ဖေါက်ပြားခြင်းတို့ ရောပြွမ်း ကာ တိမ်းယိမ်းပျက်စီး၍ သွားရလေ၏။ ပျူတစု၊ ကမ်းယံတစု၊ မြန်မာတစု၊ သုံးစု ကွဲလေသတည်း။

ထို့နောက် သုပညာ နဂရဆိန္န မင်း၏ တူတော် သမုဒ္ဒရာဇ် မင်းသည် ယုန်လွှတ်ကျွန်းအရပ်၌ အရိမဒ္ဒနာမည်သော ပုဂံပြည် ကို (၁၉)ရွာသားတို့နှင့် လက်မှန်မဆွ၊ စတင် တည် ထောင် တော်မူလေသည်။ ဤသည်တို့ကို ဦးကုလား မဟာရာဇဝင်တော် ကြီးနှင့် မှန်နန်း ရာဇဝင်တော်ကြီးတို့တွင် ဖေါ်ပြ ထားကြလေ သည်။ ပလိပ်စား ချောင်းတွင်လည်း....

ပျက်ဆန်းခေါ်သိုက်၊ ကိန်းခန်းလိုက်ဖြင့်၊
တံရိုက်ပြည်ထဲ၊ သုံးစုကွဲ၍၊
စောင်းမဲငြူစူ၊ ကမ်းယံပျူတို့၊
မပျူမငှါ၊ ရန်ရှာနှိုင်းပြိုင်၊

စစ်မက်ဆိုင်က၊ မှနိုင်ကမ်းယံ၊
နောက်တရံတုံ၊ မခံပျူချင်း၊
ရန်ဖြစ်ခြင်းကြောင့်၊ ကြပင်းနှင့်သက်၊
နှောက်ယှက်သိမ်းယူ၊ တစုလူတို့၊
ရန်ငူနှိပ်နင်း၊ ဆိန္ဒမင်း၏၊
တူရင်းမျိုးဟုတ်၊ ရဲမာန်ထုတ်သည်၊
သမုဒ္ဒရာဇ်၊ သားနှယ်ချစ်လျက်၊
ပြည်သစ်ထောင်အံ့၊ နှစ်လုံးကြံ့နှင့်၊
လင်္ကံ့တောင်ညို၊ ထိုကပန်းတောင်း၊
ပြောင်းခဲ့ချိန်ဆုံး၊ ရပ်မင်းတုံးဝယ်၊
မျက်မုန်းကျိုးငြား၊ ရခိုင်သားတို့၊
လှုပ်ရှားချိန်သိ၊ နှိုးဆော်ဘိက၊
သီရိခေတ္တရံ၊ နိုင်ငံသူလုံး၊
စုရုံးဆန်ရှု၊ ညာသို့ရွေ့လျက်၊
မြငွေ့လျှံ့ပတ်၊ တံ့ကြည်ထွတ်ထက်၊
တွတ်တွတ်မိန့်သံ၊ စက်ရိပ်ခံကြောင့်၊
တမ္ဗဒိပ်စွန်း၊ ယုန်လွှတ်ကျွန်း၌၊
ကြင့်နန်းစိုက်ထိုး၊ တည်ထောင်စိုးသည်၊
ဆယ်ကိုးထိမှဝေး၊ ရွာလက်ကျေး-။
ဟူ၍ စပ်ဆိုထားလေသည်။

ယင်းပုဂံခေတ်ဦးပိုင်းနှင့် စပ်လျဉ်း၍ သုဒဿနဲ ဆရာတော် ဘုရားကြီး၏ ပြည်ရွှေဆံတော်သမိုင်း၌ပင် ဤသို့ဖော်ပြထား၏။

ပုဂံပြည်ကြီးကို စတင်တည်ထောင်တော်မူသော သမုဒ္ဒရာဇ်မင်းသည် မိမိ၏ အမျိုးအနွယ် အစဉ်အလာ မပျက်စေခြင်း အကျိုးငှါ ကစင့်ကလျား ပျက်စီးနေသော သရေခေတ္တရာနိုင်ငံကို ပြန်လည် ပြုပြင် တည်ထောင်ရန် သားနှမင်းအား သရေခေတ္တရာပြည်သို့ စေလွှတ်တော်မူ၏။မသွားလိုသဖြင့် သ တိုး မင်း ကြီး မဟာနရပတိဘွဲ့ကို ပေးသနားတော်မူသောအခါမှ နောက်လိုက်နောက်ပါ ဗိုလ်ပါ အပေါင်း တို့နှင့် စုန်ဆင်း၍ ပျူ၊ကမ်း ယံ.... 'မဟာသမ္မတ-စူဠာသမ္မတ' တို့နေရာ နဝ ဝါသီပြည် မြို့ဟောင်းကို သုတ်သင်၍နေ၏။ မြို့နန်းအသစ်ကား မတည်လေ....။သုံးနှစ်ကြာသော် မဟာနရပတိ အနိစ္စရောက်လေ၏။

၎င်း၏သား သီဟသူသည် ပုဂံပြည် သမုဒ္ဒရာဇ်မင်းထံ ပြန်သွားလေ၏။ သမုဒ္ဒရာဇ်မင်းလည်း သမီးတော် သာလာဒေဝီနှင့် စုလျားရစ်ပတ် လက်ထပ် မင်္ဂလာ ပြု၍ ထီးဖြူနှင့်တကွ မင်းမြောက်တန်းဆာတို့ကို ပေးသနားတော်မူပြီးလျှင် ပြည်မြို့တွင် ထီးနန်းအုပ်ချုပ် မင်းလုပ်စေကာ ယို ယွင်း ပျက် စီး နေ သည့် မြို့ဟောင်းကို ပြန်လည်ပြုပြင်အသစ်တည်လေ ဟု မိန့်တော်မူ၏။ ထိုအခါ သီဟသူမင်းသည် ပြည်မြို့သို့ပြန်လည်ရောက်ရှိလာလျက် သက္ကရာဇ် (၈၁)ခုနှစ် တပို့တွဲလပြည့်ကျော် (၈)ရက်(၁)ချက်တီးကျော်အချိန်တွင် ရွှေနန်းတော် ဘန်ဆောင်း၊ ပြအိုး၊ သူရဲခို၊ သူရဲစီး....စသော မြို့အင်္ဂါတို့နှင့်တကွ သစ်တပ်မြို့၊မြေမြို့၊အုတ်မြို့ဟု ဆိုအပ်သော မြို့သုံးထပ်ကို (၇) လ နှင့် အပြီးတိုင် တည်ထောင်လေ၏။ သတိုးသီဟ ဓမ္မရာဇာ ဟူသော ဘွဲ့ တော် ဖြင့် ဘိသိက်ခံယူ၍ မင်းပြု၏။

ထိုမင်း လက်ထက်တွင် ကျောင်းဆေးရေး ဘုရားကြီးကို ပြန်လည် ပြုပြင် အသစ်တည်ထား ကိုးကွယ်လေရာ ထိုခေတ်တွင်လည်း ထင်ရှား ကျော်စောသော ဘုရားကြီးတဆူ ဖြစ်တော်မူခဲ့လေသည်။

## အင်းဝခေတ်ပိုင်း

## အင်းဝခေတ်ပိုင်း နှင့် ကျောင်းဆေးရေးဘုရားကြီး

သက္ကရာဇ် (၇၂၆) ခုမှ(၉၁၆) ခုနှစ်အထိဖြစ်သောအင်းဝခေတ်တွင်ကျောင်းဆေးရေး ဘုရားကြီးကို သူဌေးတည်ကြောင်း၊ အဝေးကပင် ဖူးမြင်နိုင်သော အလွန်မြင့်မားသည့် စေတီတော်ကြီး ဖြစ်ကြောင်း၊ ကွမ်းတောင်၊ ဘောင်းရုံ၊ ချယား ငုံ ထွတ်တွင် ဖိတ်ဖိတ်လျှံ တောက်ပသော ရွှေထီးတော်ကြီးနှင့် လိုဏ်လေးဘက်တွင်လည်း ပတ်ပတ်လည် အရောင်ပြိုးပြက်၍နေသော ပုထိုးတော်ကြီးဖြစ်ကြောင်း၊ သောက ဗျာပါဒတို့ဖြင့်ညစ်ညှိုးစိတ်ဝမ်း မရွှင်လန်းနိုင်သူတို့အားအေးမြသောအမြိုက်ရေစဉ်ဖြင့် ပက်ဖျန်းလိုက်သည့်အလား ကြည်လင် ရွှင်လန်းစေလျက် နတ်လူများစွာတို့၏ လိုအင်ဆန္ဒပြည့်ဝစေရန် တောင်း ဆု ယူ ရာ ဆုတောင်းပြည့် စေတီတော်ကြီးလည်း ဖြစ်ကြောင်းနှင့် သူဌေးတည်ထားစဉ်က ပလ္လင်ပန်းတင်ခုံ နိမ့်၍နေသည်ဟု ဆိုစဉ်ညွှတ်တွင်းချင်းပင် သက်ဘော်ထင်ရှား၊ ဘုရားရှင် မျက်မှောက် တွင် နိမ့်မြင့် အနေတော် သင့်လျော်သော ပလ္လင်တော် အံ့သြဘွယ် ခုပေါ်ပေါက်လာကြောင်းတို့ကို စာပေလောကတွင် နေ တ ဆု

လတပါး၊ ထင်ရှား ကျော်စောသော ရတုဘွဲ့ရင် "နဝဒေး ကြီးက" မြေကြီးကပင် အစချီသောရတုတွင်ထိုခေတ် ထိုအခါက၊ သူ့အမြင်၊ သူ့ကိုယ်တွေ့၊ သူ့ခံစားချက် တို့ကို အောက်ပါ အတိုင်း စာပန်းချီ ချယ်မှုန်းကာ မှတ်တမ်းတင်ထားခဲ့လေသည်။

## "ကျောင်းဆေးရေး ဘုရားတိုင်ရတု"

မြေကြီးကပင်၊ ဖြိုးမျှသွန်းသွန်း၊ ယုဂန်စွန်းသို့၊ ဆိုက်
ခန်းယှူးယှူး၊ ထိမူးထင်ယောင်၊ ထက်လည်ပြောင်သည်၊
ကွမ်းတောင်ဘောင်းရုံ၊ ချယားငုံ့ထက်၊တင်တုံ ရွှေထီး၊
ဖိတ်လျှံညီးမျှ၊ယိုစီးသွယ်ဖြာ ၊ပုထိုးသားလည်း၊ လေး
ပါးလိုဏ်ထက်၊ ညီးညီးတက်မျှ၊ ပြိုးပြက်ပတ်ပတ်၊မောင်း
မောင်းလွတ်လျက်၊ ရှိညွတ်ဆုယူ၊ ခပ်သိပ်းသူတို့၊ ဘ ညီး
အူဦးဆံ၊ဗျာပါလံလည်း စည့်နေကြ၊ ငြိမ်း စေ ရ ဟု၊
ပေါက်ပြန်းဝေး၊ ကျွန်းလုံးမွှေးသည်၊ကျောင်းဆေးရေး
ရှင်တော်တကား။

နေမီးလသွင်၊ တင့်မော အင်မူ၊ မုခ်ဝင် လိုဏ်ထိပ်၊
ရွှန်း ရွှန်းချိပ်မျှ၊ ပြုံးရိပ်လိုလို၊ သံချို ပျံ့မွှေး၊ ဟော
မည်တွေး၏။ သူးငွေလုင်၊တည်ခဲ့ကျင်လည်း၊ ပလ္လင်ပန်း
တည်၊ နှိမ့်လေသည်ဟု ဆွတ်ကြည်သဒ္ဓါ၊ ဆိုစဉ်ခါဝယ်၊
ဂိဝါရစ်ဆင့်၊ညဥ့်ခြင်းမြင့်က၊ ရှင်ပင့်အစစ်၊ ပွင့်သစ်မျက်
မှောက်၊ ယခုရောက်သို့၊ လျှံတောက်ထွန်းလစ်၊ အသစ်
သစ်တိ၊သရစ်ရှက်ထွေး၊ ထွန်းလျှံပြေးသည်၊မောင်းစွေး
ဝေး မြင်မြော်တကား။

ဆေွနီးမျှအောင် ချစ်ထွတ်တင်သား၊ မြသွင် ကုန်းဆင့်
မဥ္ဇူပွင့်သို့၊ တမျှင့်တည်းပင်၊ လည်ဝယ်ဆင်၍၊ နှစ်လျှင်
သခင်ချေ၊ ဆက်ချင်လေစွ၊ ချုပ်မြေ မညောင်း၊ ဆည်ပေ
ကောင်းလျက်၊ ထပ်လောင်းကဲဆင့်၊ ကြံတွက် ချင့်သော်၊
မြေနှင့်မိုးထက်၊ ဝေးလံခက်၍၊ မြိုးမြက်ရိပ်ချည်၊ ကြားရ
မည်မျှ၊ ဝိုက်သည်ခဲစွာ။ မသိသာခဲ့၊ ပျော်ရာ ရှင်၍၊ မေ့
လေသည်လွှာ၊ နှစ်မြောကျွန်းဦး၊ မိုးထိကြူးလည်း၊ ပျံ့
ပြူးဝမ်းတွင်၊ ရှိမထင်တည့်၊ မြာစင်ရောင်ဖြူ၊ ကြာသူ
ငယ်သွေး၊ ထင်မိတွေးသည်၊ နှောင်မွေး ထွေးကြင်ဖေါ်
တကား။

ဤသည်တို့ကား၊ အင်းဝခေတ်နှင့် စပ်လျဉ်းသည်တို့တည်း။

# ကုန်းဘောင်ခေတ်ပိုင်း
# ဆင်ဖြူရှင်ထပ်မံအသစ် ပြန်လည်တည်ထားခြင်း

ကုန်းဘောင်မင်းဆက်ကို ပြန်လည် တည် ထောင် တော်မူသော အလောင်းမင်းတရားကြီး၏ သားတော် သက္ကရာဇ် ၁၁၂၅—ခုနှစ်တွင် နန်းတက်တော်မူသော ဆင်ဖြူရှင်မင်းတရားသည် ကျောင်းဆေးရေး ဘုရားကြီးကို ထပ်မံတည်ထား ပြုပြင်တော်မူသည်။

ဆင်ဖြူရှင် မင်းတရားကား နှောင် တော် ကြီး လွန်သဖြင့် ဆက်ခံတော်မူသော ညီတော်မြေဒူးမင်းကို ခေါ်သည်။ နန်းတက်တော်မူပြီးနောက် မကွေး မြို့မှဆင် ဖြူရရှိ၍ ဆင်ဖြူရှင်ဘွဲ့ကို ခံယူသည်။ ထိုမင်း၏ငယ်မည် မှာ